နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ဝီထိပိုင်း

## ဝီထိမည်ပုံ

**“ဝီယန္တိ ဂစ္ဆန္တိ ဧတ္ထာတိ ဝီထိ”** ဧတ္ထ၊ ဤလမ်းခရီး၌။ သတ္တာ၊ သတ္တဝါတို့သည်။ ဝီယန္တိဂစ္ဆန္တိ၊ သွားလာကြကုန်၏။ ဣတိ၊ ထို့ကြောင့်။ သာ၊ ထိုလမ်းခရီးသည်။ ဝီထိ၊ ဝီထိ မည်၏။

ဤစကားအရ ဝီထိသဒ္ဒါသည် သတ္တဝါတို့၏ သွားလာရာလမ်းစဉ်ကို ဟောရင်း ဖြစ်ပါသည်။ သတ္တဝါတို့ သန္တာန်၌ ဖြစ်သောစိတ်အစဉ်သည် ထိုလမ်းခရီးအစဉ်နှင့် တူ၏။ လမ်းခရီး အစဉ်သည် တစ်လမ်းပြီး တစ်လမ်း ဆက်ကာ ဆက်ကာ ဖြစ်နေသကဲ့သို့ စိတ်အစဉ် လည်း တစ်စိတ်ပြီး တစ်စိတ် ဆက်ကာ ဆက်ကာ ဖြစ်နေသောကြောင့် “အယံ၊ ဤစိတ် အစဉ်သည်။ ဝီထိယာ၊ လမ်းခရီး အစဉ်နှင့် တူ၏။ ဣတိ၊ ထို့ကြောင့်။ သာ၊ ထိုစိတ်အစဉ်သည်။ ဝီထိ၊ဝီထိမည်၏။” ဟူသည်နှင့် အညီ ဝီထိ မည်ပါသည်။

**စိတ္တုပ္ပါဒါနမိစ္စေဝံ စသော ဂါထာဖြင့် –** ဝီထိပိုင်း, ဝီထိမုတ်ပိုင်းတို့၏ ပဋိညာဉ်ကို ပြပါသည်။

## ဂါထာ အဓိပ္ပါယ်

စိတ် စေတသိက်တို့ကို ဝေဒနာစသည်ဖြင့် ခွဲခြားဝေဖန်ရာ ပကိဏ္ဏကသင်္ဂဟကို ပြဆိုပြီး ၍, ယခုအခါဝယ် ထိုစိတ် စေတသိက်တို့၏ ဖြစ်ပုံကို ပြဆိုရာ ပဝတ္တိသင်္ဂဟမည်သော ဝီထိ သင်္ဂဟ - ဝီထိမုတ္တသင်္ဂဟ တို့ကို ပြတော်မူလိုသော အရှင်အနုရုဒ္ဓါသည် "စိတ္တုပ္ပါဒါနမိစ္စေဝံ" အစရှိသော ဂါထာနှစ်ရပ်ကို မိန့်အပ်သတည်း။

ဤနှစ်ဂါထာသည် ဝီထိပိုင်း ဝီထိမုတ်ပိုင်းအတွက် ပဋိညာဉ်ကိုပြသော ဂါထာတည်း၊ မှန်၏- “ပဝတ္တိသင်္ဂဟံ နာမ, ပဋိသန္ဓိပဝတ္တိယံ” ၌ ၁-ပဝတ္တိသင်္ဂဟံ နာမ ပဋိသန္ဓိယံ, ၂-ပဝတ္တိသင်္ဂဟံ နာမ ပဝတ္တိယံ ဟု စကားနှစ်ရပ်ခွဲ၍, (၁)နံပါတ်စကားရပ်ဖြင့် ဝီထိမုတ်ပိုင်း အတွက် ပဋိညာဉ်ကို, (၂)နံပါတ်စကားရပ်ဖြင့် ဝီထိပိုင်းအတွက် ပဋိညာဉ်ကို ပြသည်။

## <u>ပဋိသန္ဓေအခါ ၊ ပဝတ္တိအခါ ခွဲပုံ</u>

ပဋိသန္ဓေစိတ်၏ ဥပါဒ် ဌီ ဘင်ဟူသော ခဏငယ်သုံးချက်ကာလကို ပဋိသန္ဓေအခါ ဟုခေါ်သည်။ ပဋိသန္ဓေစိတ်နောက် ပထမဘွင်မှစ၍ စုတိတိုင်အောင် အခါကို ပဝတ္တိ အခါ ဟုခေါ်သည်။ **(အဘိဓမ္မာနည်း)**

အမိဝမ်းတွင်ကိန်းအောင်ရာ အခါကို ပဋိသန္ဓေအခါ၊ ပဋိသန္ဓေဖွားမြင်သည်မှစ၍ သေသည့်တိုင်အောင် အခါကို ပဝတ္တိအခါဟုခေါ်သည်။ **(သုတ္တန်နည်း)**

## ဝီထိပိုင်း အင်္ဂါ (၃) ပါး

၁။ ကာမဘုံ, ရူပဘုံ, အရူပဘုံတည်းဟူသော ဘုံသုံးပါးဖြင့် ပိုင်းခြားမှတ်သားခြင်း။

၂။ ဒွိဟိတ်စသော ပုဂ္ဂိုလ်တို့ဖြင့် ပိုင်းခြားမှတ်သားခြင်း။

၃။ ရှေ့စိတ် နောက်စိတ်တို့ဖြင့် ပိုင်းခြားမှတ်သားခြင်းတို့ ဖြစ်ပါသည်။

**စိတ္တုပ္ပါဒါန မိစ္စေဝံ – ဝယ် စိတ္တုပါဒအရ။ ။** စိတ် စေတသိက် တို့ကို ယူရမည်။

**သင်္ဂဟ မုတ္တရံ၌ ဥတ္တရ အရ။ ။** ပကိဏ်းပိုင်းကို ယူရမည်။

**<u>ဘူမိ ပုဂ္ဂလ ဘေဒေန၌ ဘူမိ၊ ပုဂ္ဂလ အရ</u>**

**ဘူမိ အရ –** ဘူမိဝိဘာဂ၊ ဘူမိစတုက္ကတို့၌လာသော- ကာမာဝစရဘုံ, ရူပါဝစရဘုံ, အရူပါဝစရ ဘုံတို့ ယူရမည်။ (အဝတ္ထာဘုံကို မယူရ။) **အသီတိဂါထာ ထောက်**

**ပုဂ္ဂလ– အရ** ပုဂ္ဂလဘေဒနှင့် ဝီထိမုတ်ပိုင်းလာ ပုဂ္ဂိုလ်နှင့်စပ်၍ ပုထုဇဉ်ပုဂ္ဂိုလ် (၄)၊ အရိယာပုဂ္ဂိုလ် (၈ ) တို့ယူ။ **အသေကက္ခာနံ ဂါထာ ထောက်**

**ဆဝတ္ထုနိ စသည်ဖြင့် –** ဝီထိပိုင်း၌ သိဖွယ် မာတိကာ (၆)ပါး ကိုပြပါသည်။

**ဝီထိပိုင်း၌ သိဖွယ် မာတိကာ(၆)ပါး**

၁။ ဝတ္ထုဆက္က - ဝတ္ထုရုပ် (၆) ပါး၊

၂။ ဒွါရဆက္က- ဒွါရ (၆) ပါး၊

၃။ အာရမ္မဏဆက္က - အာရုံ(၆) ပါး၊

၄။ ဝိညာဏဆက္က- ဝိညာဏ် (၆) ပါး၊

၅။ ဝီထိဆက္က- ဝီထိ(၆) ပါး၊

၆။ ဝိသယပ္ပဝတ္တိဆက္က - ဝိသယပဝတ္တိ (၆) ပါး။

**ဝီထိမုတ္တာနံ စသည်ဖြင့်-** ဝီထိမုတ်စိတ်တို့၏ ဝိသယပဝတ္တိ(၃)မျိုး (အမှာစကား) ကို ပြပါသည်။

**ဝီထိမုတ္တာနံ စကားရပ် အဓိပ္ပါယ်**

**"ဆဗ္ဗဝိသယပ္ပဝတ္တိ"** ဟုဆိုသောကြောင့် ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိကား ၆-မျိုးဟု မှတ်ထင်ဖွယ်ရှိ၍ ပဋိသန္ဓေ ဘွင် စုတိ ဟုဆိုအပ်သာ ဝီထိမုတ် စိတ်တို့၏ ဝိသယပ္ပဝတ္တိ အခါကား- ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အားဖြင့် ၃-မျိုးသာ ရှိပါသည် ။ ဝီထိကဲ့သို့ ၆-မျိုး မရှိပါ။

**ဝီထိမုတ္တ ဝိသယပ္ပဝတ္တိ ၃-မျိုး**

ကံ , ကမ္မနိမိတ်, ဂတိနိမိတ် ဖြစ်ပါသည်။

**တတ္ထ ဝတ္ထုဒွါရာရမ္မဏာနိ စသည်ဖြင့် -** ဝတ္ထု, ဒွါရ, အာရမ္မဏ ဆက္ကသုံးမျိုးကို ပကိဏ်းပိုင်း အတိုင်း သိပါဟု မှာသော အမှာစကားကို ပြပါသည်။

<u>**ဝတ္ထု၊ ဒွါရ၊ အာရမ္မဏဆက္ကတို့ကို ထပ်ဆိုရခြင်းအကြောင်း**</u>

ပကိဏ်ပိုင်း၌ ဝတ္ထု၊ ဒွါရ၊ အာရမ္မဏဆက္ကတို့ကို ပြပြီးဖြစ်သော်လည်း ဝီထိပိုင်း၌ အရေးတကြီး သိထိုက်သော ဆက္က ၆-မျိုးကို အပြည့်အစုံ တပြိုင်နက် ထုတ်ပြလိုသောကြောင့် ထပ်ဆိုရခြင်း ဖြစ်ပါသည်။

**စက္ခုဝိညာဏံ စသည်ဖြင့် -** ဆ ဝိညာဏကာနာနိ ပါဠိ၏ အကျယ်ကို ပြပါသည်။

**ဆဝီထိယော ပန စသည်ဖြင့် -** ဆ ဝီထိယော ပါဠိ၏ အကျယ်ကိုပြပါသည်။ ထိုတွင်

ဆဝီထိယော ပန (ပ) ဒွါရဝသေန ဝါဖြင့် - ဒွါရ၏ အစွမ်းဖြင့် ဝီထိဆက္ကကို ပြပါသည်။

စက္ခုဝိညာဏ ဝီထိ (ပ) ယောဇေတဗ္ဗာ ဖြင့် - ဝိညာဏ်၏ အစွမ်းဖြင့် ဝီထိဆက္ကကို ပြပါသည်။

**ဒွါရ၏အစွမ်းဖြင့် ဝီထိ(၆)မျိုး**

၁။ စက္ခုဒွါရ ဝီထိ၊ ၂။ သောတဒွါရ ဝီထိ၊ ၃။ ဃာနဒွါရ ဝီထိ၊

၄။ ဇိဝှါဒွါရ ဝီထိ၊ ၅။ ကာယဒွါရ ဝီထိ၊ ၆။ မနောဒွါရ ဝီထိ။

**ဝိညာဏ်၏ အစွမ်းဖြင့် ဝီထိ (၆) မျိုး**

၁။ စက္ခု ဝိညာဏ ဝီထိ၊ ၂။ သောတ ဝိညာဏ ဝီထိ၊ ၃။ ဃာန ဝိညာဏ ဝီထိ၊

၄။ ဇိဝှါ ဝိညာဏ ဝီထိ၊ ၅။ ကာယ ဝိညာဏ ဝီထိ၊ ၆။ မနော ဝိညာဏ ဝီထိ။

**အတိမဟန္တ မဟန္တ စသည်ဖြင့် –**

ဆဓာ ဝိသယပ္ပဝတ္တိ၏ အကျယ်ကို ပြပါသည်။ ဝါ- ဝီထိ ဝိသယပ္ပဝတ္တိ( ၆) ပါးကို ပြပါသည်။

**ဝီထိ ဝိသယပ္ပဝတ္တိ(၆)ပါး**

ပဉ္စဒွါရ၌ - အတိမဟန္တာရုံ၊ မဟန္တာရုံ၊ ပရိတ္တာရုံ၊ အတိပရိတ္တာရုံအားဖြင့် ဝိသယပ္ပဝတ္တိ(၄)ပါး၊

မနောဒွါရ၌ - ဝိဘူတာရုံ၊ အဝိဘူတာရုံ အားဖြင့် ဝိသယပ္ပဝတ္တိ(၂)ပါး ပေါင်း(၆)။

**ဝိသယပ္ပဝတ္တိမည်ပုံ။** ။ အာရုံတို့၏ ဒွါရ၌ဖြစ်ခြင်းသည်လည်းကောင်း၊ အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းသည်လည်းကောင်း၊ **“ဝိသယပ္ပဝတ္တိ"**မည်၏ ။

**ကထံ ဥပ္ပါဒ ဌိတိ ဘင်္ဂဝသေန စသည်ဖြင့်–**

စိတ် တို့၏ သက်တမ်း ( နာမ်၏ အသက်တမ်း) ကို ပြပါသည်။

**စိတ်တို့ အသက်တမ်း**

စိတ်တို့သည် ဥပါဒ်, ဌီ, ဘင်အားဖြင့် ခဏငယ်သုံးချက် ဝါ- ခဏကြီး တစ်ချက် အသက်ရှည်ကြ၏။

**မှတ်ချက်။** ။ ဥပါဒ် ဌီ ဘင် ဟုဆိုအပ်သော ခဏငယ်သုံးချက်ကို စိတ္တက္ခဏတစ်ချက်ဟု ခေါ်ပါသည်။ ယင်းကို ခဏကြီးဟုလည်းခေါ်ကြသေးသည်။

**တာနိ ပန စသည်ဖြင့် –** ရုပ်၏ သက်တမ်းကိုပြပါသည်။

## ရုပ်၏ အသက်တမ်း

စိတ္တက္ခဏ (၁၇)ချက်သည် ရုပ်၏ သက်တမ်းဖြစ်ပါသည်။

## ရုပ်၏ အသက်တမ်းကို ခဏငယ်အားဖြင့် ရေတွက်ပုံ

စိတ္တက္ခဏတစ်ခု၌ ခဏငယ် သုံးချက်ရှိရကား (၁၇ × ၃ = ၅၁ ) ခဏငယ် ၅၁ချက် ရှိပါသည်။

**ရုပ်၏ဌီနှင့် နာမ်၏ဌီအထူး။ ။** ရုပ်၏ဌီကား ခဏငယ်(၄၉)ချက်အသက်ရှည်၏၊ နာမ်၏ဌီကား ခဏငယ်(၁)ချက်သာ အသက်ရှည်၏၊ ဤသို့ထူးပါသည် ။

**ရူပဓမ္မာနမာယူ၌– ရူပဓမ္မ အရ**
ဝိညာဏ်ဒွေး၊ လက္ခဏရုပ်လေးခု ကြဉ်သော ရုပ် (၂၂) ပါးကို ယူ။
**ဆောင်။ ။** ဝိညတ် လက္ခဏ (၆)ခုမျှ ကြဉ်ရ ရုပ်သက်မှာ။

ရူပဓမ္မာနံအရ - ရုပ်(၂၈)ပါးလုံးကို မယူရ၊ ဝိညတ်ဒွေးနှင့် လက္ခဏရုပ် (၄)ပါးကို ကြဉ်ဖယ်ရမည်ဟု ဖွင့်ကြ၏၊

ချဲ့ဦးအံ့-ဝိညတ်ဒွေးသည် "စိတ္တာနုပရိဝတ္တိနော ဓမ္မာ"ဟူသော မာတိကာပုဒ်အရတွင် ပါဝင်သောကြောင့် စိတ်နှင့်အတူတကွ ဖြစ်ရ ချုပ်ရ၏၊ လက္ခဏရုပ် (၄)ပါးတွင် ဥပစယနှင့် သန္တတိသည် ရုပ်၏ ဥပါဒ်ခဏနှင့် ညီမျှ၏၊ ဇရတာသည် ရုပ်၏ ဌီခဏနှင့် ညီမျှ၏၊ အနိစ္စတာသည် ရုပ်၏ ဘင်ခဏနှင့် ညီမျှ၏၊ ဤသို့ ဝိညတ်ဒွေးနှင့် လက္ခဏရုပ် (၄)တို့သည် စိတ္တက္ခဏ (၁၇) ချက် အသက်မရှည်ကြရကား ဤ "ရူပဓမ္မာနံ" အရ၌ ကြဉ်ဖယ်ရသည်။

**ကေစိတ္တက္ခဏာတီတာနိ ဝါ (ပ) မာ ဂစ္ဆတိဖြင့် –** အာရုံငါးပါး၌ ဒွါရငါးပါး ထင်လာပုံကို ပြပါသည်။

### အာရုံငါးပါး၌ ဒွါရငါးပါးထင်လာပုံ

ရူပါရုံစသော အာရုံငါးပါးသည် စက္ခုပသာဒ စသော ဒွါရငါးပါး၌ ထင်လာနိုင်ရန် စိတ္တက္ခဏတစ်ချက် လွန်သည်မှ စ၍ စိတ္တက္ခဏ(၁၅)ချက် လွန်သည်အထိဖြစ်ပြီး ရုပ်၏ဌီခဏသို့ ရောက်၍ အာရုံငါးပါးတို့သည် ဒွါရငါးပါး၌ ထင်ခြင်းသို့ ရောက်ပါသည်။

**တသ္မာ ယဒိ ( ပ ) အာပါထ မာဂစ္ဆတိ ဖြင့်–** အတီတဘဝင်ဖြစ်ပုံကို ပြပါသည်။

ရူပါရုံသည် ဥပါဒ်ပြီးနောက် စိတ္တက္ခဏတစ်ချက်ခန့် လွန်မှသော်၄င်း၊ များစွာသော စိတ္တက္ခဏကို လွန်ပြီးမှသော်၄င်း ထင်လာတတ်လေရာ ဤစက္ခုပသာဒ၌ ထင်လာသည့်အခါ ရူပါရုံသည် စိတ္တက္ခဏ တစ်ချက်ခန့်ကာလကို လွန်ခဲ့ပြီဟု မှတ်ပါ။ ထိုလွန်ခဲ့ရာကာလ၌ ဖြစ်သော ဘဝင်စိတ်ကိုလည်း အတီတဘဝင် (ရူပါရုံထင်ရာကာလကို ထောက်၍ အတိတ်ဘဝင်၊ လွန်ပြီးဘဝင်) ဟုနာမည်တပ်ရသည်။

**ဆောင်။ ။** အာရုံသီးသီး ဖြစ်ပြီးသည့်နောက် ထင်ရာထောက်၍ လွန်မြောက်ခဲ့ရိပ်
အတိတ်ခေါ်ကြား၊ ဘဝင်များ၊ မှတ်သားအတီတ။

**တတော ဒွိက္ခတ္တုံ (ပ) နိရုဇ္ဈန္တေ ဖြင့် –**

ဘဝင်လှုပ်၍ ပထမဆုံးဝီထိဖြစ်ပုံ (ဘဝင်္ဂစလနမှ - ဝုဋ္ဌောအထိ ဖြစ်ပုံ) ကို ပြပါသည်။

ဘဝင်စိတ်သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတွင် တစ်ပါးပါးကို အာရုံပြုနေစဉ် ထင်လာသော အာရုံသစ်ကြောင့် ယူနေဆဲအာရုံကို စွဲမြဲစွာလည်း မယူနိုင်၊ လွှတ်လည်း မလွှတ် သေးဘဲ ပင်ကိုယ်သဘောမှ ဖောက်ပြား၍ နှစ်ကြိမ်တိုင်တိုင် လှုပ်ချောက်ချားမှုကို **“ဘဝင်္ဂစလန- ဘဝင်လှုပ်သည်”** ဟုဆိုပါသည်။

**ဆောင်။ ။** အသစ်အာရုံ၊ ထင်လာတုံလျှင်၊ စိတ်ဘဝင်တို့၊ ပင်ကိုယ်ယူဆဲ၊ အာရုံထဲ၌၊
မစွဲမြဲကြား လှုပ်ချောက်ချား” မှတ်သား ဘဝင်လှုပ်။

ဘဝင်နှစ်ကြိမ်ဖြစ်သည်ကို အရှင်အနုရုဒ္ဓါဆရာ အလိုအားဖြင့် “ဘဝင်္ဂစလန” ဟု နာမည်တပ်ပါသည်။ ဒုတိယဘဝင်္ဂစလနကို ဘဝင်အစဉ်ပြတ်တော့မည်ဖြစ်သောကြောင့် “ဘဝင်္ဂုပစ္ဆေဒ-ပြတ်စဲသောဘဝင်” ဟု နောက်ဆရာတို့ နာမည်တပ်ပါသည်။ ထို့နောက် ဘဝင် အစဉ်ကို ဖြတ်လျက် အာရုံသစ်ကို ဆင်ခြင်သကဲ့သို့ဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်၍ ချုပ်၏။

ထို့နောက် ရူပါရုံကို မြင်တတ်သော စက္ခုဝိညာဉ်စိတ်၊ ထိုရူပါရုံကို ခံယူသကဲ့သို့ဖြစ်သော သမ္ပဋိစ္ဆိုင်းစိတ်၊ ထိုရူပါရုံကို စုံစမ်းသကဲ့သို့ဖြစ်သော သန္တီရဏစိတ်၊ ထိုရူပါရုံကို “ဣဋ္ဌပဲ အနိဋ္ဌပဲ” ဟု ဆုံးဖြတ်သကဲ့သို့ဖြစ်သော ဝုဋ္ဌောစိတ်တို့ အစဉ်အတိုင်း ဖြစ်ကြ ချုပ်ကြပါသည်။

**မေး။ အာရုံနှင့် ဝီထိစိတ်များအဘယ်က ရှေးဦးစွာဖြစ်သနည်း ။**

**ဖြေ။** ရူပါရုံစသော အာရုံများသည် စက္ခုစသော ပသာဒတို့ ထင်လာပြီး ဘဝင်၂-ကြိမ်လှုပ်ပြီးမှ ပဉ္စဒွါရာဝဇ္ဇန်းစသော ဝီထိစိတ်များ ဖြစ်သောကြောင့် အာရုံနှင့် ဝီထိစိတ်တို့တွင် အာရုံက ရှေးဦးစွာဖြစ်ပါသည် ။

**မေး။ အတီတဘဝင်မလွန်ပဲ အာရုံများထင်နိုင်/မထင်နိုင် အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ ။**

**ဖြေ။** ရုပ်၏ဌီသို့ရောက်သောအခါ- ရူပါရုံစသော အာရုံ(၅)ပါးတို့သည် စက္ခုစသော ပဥ္စဒွါရ၌ ထင်ခြင်းသို့ ရောက်ကြသည်ဟုဆိုထားသောကြောင့် ဝိထိစိတ် ဖြစ်ရာ၌ အနည်းဆုံး အတီတဘဝင် တစ်ချက်လွန်ပြီးသော အာရုံသည်သာလျှင် အာရုံထင်နိုင်သည်၊ အတီတဘဝင် မလွန်ပဲ အာရုံမထင်နိုင်ပါ ။

**မေး။ "လုံထမ်းလာသည်ကို မြင်နိုင်သည် ကံထမ်းလာသည်ကို ဘယ်သူမှ မမြင်နိုင်" ဟူသော လောက စကား မှန်/ မမှန် ဆုံးဖြတ်ချက်ခဲ့ပါ ။**

**ဖြေ။** မှန်ပါသည်၊ အကြောင်းကား - **"တမေဝရူပံ ပဿန္တိ စက္ခုဝိညာဏံ"** ဟူသော သင်္ဂဟပါဌ်ကို ထောက်၍ စက္ခုဝိညာဉ်သည် ရူပါရုံဟူသော ပစ္စုပ္ပန်ရူပါရုံကိုသာ မြင်နိုင်သည်၊ ကံဟု ဆိုအပ်သော (ကုသိုလ်၊ အကုသိုလ်ကံ)နာမ် တရားကို မမြင်နိုင်ချေ၊ ထို့ကြောင့် **"လုံထမ်းလာသည်ကို မြင်နိုင်သည်၊ ကံထမ်းလာသည်ကို မမြင်နိုင်"** ဟူသော လောက စကား မှန်ပါသည် ။

တတော ပရံ (ပ) သတ္တက္ခတ္တုံ ဇဝတိ ဖြင့် – ဇော(၇)ကြိမ်ဖြစ်ပုံကို ပြပါသည်။

**အဓိပ္ပါယ်**

ကာမဇော (၂၉)ပါးတွင် တစ်ပါးပါးသော ဇောသည် ယောနိသောမနသိကာရ၊ အယောနိသော မနသိကာရ၊ နိရာနုသယအလိုက် များသောအားဖြင့် (၇)ကြိမ် စောပါသည်။

**လဒ္ဓပစ္စယံအဓိပ္ပါယ်၊**

ဝုဋ္ဌော၏အခြားမဲ့၌ ဇောကျ၏ဟုဆိုသော်လည်း ကာမဇော (၂၉)ပါးတို့တွင် အမှတ်မရှိ၊ လျော်သလိုကျသည်မဟုတ်ပါ၊ ယောနိသောမနသိကာရ ရှိလျှင် ကုသိုလ်ဇောတစ်ပါးပါး စော၏၊ အယောနိသောမနသိကာရ ရှိလျှင် အကုသိုလ်ဇောတစ်ပါးပါး စော၏၊ အနုသယကင်းသော ရဟန္တာသန္တာန်၌ဖြစ်လျှင် ကိရိယာဇောတစ်ပါးပါး စော၏၊ ဤသို့အားဖြင့် အကြောင်းအား လျှော်စွာ ဇောများစောသည်ကို **"လဒ္ဓပစ္စယံ– ရအပ်သောအကြောင်းရှိသည်"** ဟု ဆိုခြင်းဖြစ်သည်။

**ယေဘုယျေနသဒ္ဒါဆိုရခြင်းအကြောင်း၊**

ကာမဇောတို့သည် များသောအားဖြင့် ဇော(၇) ကြိမ်စောလေ့ရှိသော်လည်း၊ တွေဝေ မိန်းမောရာ ကာလ၊ သေခါနီးကာလစသည် တို့၌ (၆)ကြိမ်၊ (၅)ကြိမ်စောသော အခါလည်း ရှိသေး၏ဟူသောအဓိပ္ပါယ်ကို သိစေလိုသောကြောင့် **"ယေဘုယျေန"** သဒ္ဒါကို ဆိုခြင်းဖြစ်သည်။

**ဆောင်။ ။** ပင်ကိုယ်ရိုးရာ၊ ချိန်အခါဝယ်၊ ခြောက်ကြိမ်သာလည်း၊ စောသတည်းဟု၊
တနည်းစုတော၊ နီးသူတွေနှင့်၊ တွေဝေသူ့တွက်၊ ငါးကြိမ်ဖက်သဖြင့်၊
သတ္တက္ခတ္တုံ၊ မြမကြုံသည်၊ ယေဘုယျနည်း မှတ်လေလော။

**ဇဝနာနုဗန္ဓာနိ စ (ပ) ဘဝင်္ဂပါတော ဖြင့် –** တဒါရုံ(၂)ကြိမ် ဖြစ်ပုံနှင့် ဘဝင်ကျပုံကို ပြပါသည်။

ဇောသို့အစဉ်လိုက်၍ ထိုက်သည့်အားလျော်စွာ တဒါရုံနှစ်ကြိမ်ဖြစ်ပြီး ဘဝင်ကျပါသည်။

## ဇောသို့ အစဉ်လိုက်ပုံ

ရေညာသို့ဆန်၍ သင်္ဘောခုတ်မောင်းသွားရာ အောက်သို့ စီးဆင်းနေသော ရေအယဉ်သည် သင်္ဘောနောက်သို့ အနည်းငယ် ဆန်တက်လိုက်သွားသကဲ့သို့ ထို့အတူ ဇောအဆုံးတွင် ဘဝင်ကျ ထိုက်သော်လည်း မကျသေးဘဲ တဒါရုံကိစ္စတပ်လျက် မဟာဝိပါက်စိတ် ၈-ပါး၊ သန္တီရဏ ၃-ပါး အားဖြင့် တဒါရုံဇောဒသတို့တွင် တစ်မျိုးမျိုးသည် နှစ်ကြိမ်ထပ်၍ ဇောနောက်သို့ လိုက်ပါသွားလေသည်။ ဒုတိယတဒါရုံ ချုပ်ပြီးနောက် ဝီထိစိတ်ကုန်သဖြင့် ဘဝင်ဘက်သို့ စိတ်အစဉ်ကျလေ၏။

## <u>တဒါရမ္မဏပါကာနိ ယထာရဟံ ပဝတ္တန္တိ – ၌ ယထာရဟ အဓိပ္ပါယ်</u>

ကာမဇော, ကာမသတ္တဝါ, ကာမအာရုံဟူသော အင်္ဂါသုံးပါး ပြည့်စုံခဲ့လျှင် ဇောနောင် တဒါရုံ နှစ်ကြိမ်ကျ၏။ အင်္ဂါတစ်ပါးပါး ချွတ်ယွင်းခဲ့လျှင် တဒါရုံ မကျနိုင်။ ယင်းအဓိပ္ပါယ်ကို ရည်ရွယ်၍ **"ယထာရဟံ"** ဟု ဆိုပါသည်။

## ဘဝင်္ဂပါတော ဘဝင်ကျ အဓိပ္ပါယ်

ဝီထိစိတ်တို့၏ ဖြစ်ခြင်းသည် ထထကြွကြွ ဗျာပါရရှိသဖြင့် မြင့်မောက်ကြွတက်သကဲ့သို့ ထင်ရ၏။ ဘဝင်အစဉ်ဖြစ်ပုံကား ငြိမ်သက်လှသဖြင့် အောက်ကျနိမ့်ရှိုင်းသကဲ့သို့ ထင်ရ၏။

ထို့ကြောင့် ဘဝင်စိတ်အစဉ်ဖြစ်ခြင်းကို **"ဘဝင်္ဂပါတ-ဘဝင်ကျသည်"** ဟုဆိုရပါသည်။

**တွေ့ာဝတာ (ပ) အတိမဟန္တံ နာမ ဂေါစရံ ဖြင့် –** အတိမဟန္တာရုံဝီထိမည်ပုံ နိဂုံး ကို ပြပါသည်။

## အတိမဟန္တာရုံမည်ပုံ

အတီတဘဝင်တစ်ချက်လွန်သည်မှစ၍ ထင်လာသောအာရုံများသည် ထိုထင်လာပြီး အချိန်မှ စ၍ ရေတွက်လျှင် စိတ္တက္ခဏ (၁၆)ချက်အသက်ရှိသည်ဖြစ်၍ အလွန်များသော စိတ္တက္ခဏ အသက်ရှိသောကြောင့် အတိမဟန္တာရုံမည်ပါသည်။

**သတ္တရသ စိတ္တက္ခဏာနိ ပရိပူရေန္တိ၌ သတ္တရသ-အရ (စက္ခုဒွါရိက အတိမဟန္တာရုံဝီထိလာ စိတ္တက္ခဏ ၁၇-ချက်ကား) ။ ။** အတီတဘဝင် ၁-ချက်၊ ဘဝင်္ဂစလန ၂-ချက်၊ ဝီထိစိတ် ၁၄-ချက်၊ ပေါင်း ၁၇-ချက်ဖြစ်ပါသည်။

**တွေ့ာဝတာ စုဒ္ဒသ ဝီထိစိတ္တုပ္ပါဒါ ၌ စုဒ္ဒသ-အရ ။ ။** ပဉ္စဒွါရာဝဇ္ဇန်း ၁-ကြိမ်၊ စက္ခုဝိညာဉ်စသည် ၁-ကြိမ်၊ သမ္ပဋိစ္ဆိုင်း ၁-ကြိမ်၊ သန္တီရဏ ၁-ကြိမ်၊ဝုဋ္ဌော ၁-ကြိမ်၊ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ် တို့ဖြစ်ပါသည်။

**မေး။ ။ ရွှေတိဂုံစေတီတော်ကို ဖူးမြော်ကြည်ညိုသော ကမ္မာလုည့်ဗုဒ္ဓဘာသာ တစ်ဦး၏ စက္ခုဒွါရ၌ ဖြစ်နိုင်သော စိတ်တို့ကို သရုပ်ထုတ် ရေတွက်ပြပါ။**

ဖြေ ။ ။ အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, ကုသလဝိပါက် စက္ခုဝိညာဉ်, ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း, ကုသလဝိပါက် သောမနဿ သန္တီရဏ, ဝုဋ္ဌော, မဟာကုသိုလ်ဇော-၈၊ သောမနဿသန္တီရဏ-၁၊မဟာဝိပါက်သောမနဿ၄-ပါးတို့ဖြစ်ပါသည်။

**မေး ။ ။ မစင်ကိုနစ်သက်သော ခွေးတို့၏သန္တာန်၌ ဖြစ်နိုင်သည့် အသက်ကြွင်းအများဆုံး အာရုံရှိသော စိတ်အစဉ်ကို ဝီထိပိုင်းအမြင်ဖြင့် တိကျစွာ ထုတ်ပြပါ။**

ဖြေ ။ ။ အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, အကုသလဝိပါက် စက္ခုဝိညာဉ်, အကုသလဝိပါက် သမ္ပဋိစ္ဆိုင်း, အကုသလဝိပါက် သန္တီရဏ, ဝုဋ္ဌော, လောဘမူဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်စိတ်များ ဖြစ်ပါသည်။

### <u>ပဉ္စဝိညာဏ်ဖြစ်ကြောင်း</u>

**ဆောင်။ ။** စက္ခာလောက၊ ရူပထင်ပြီ၊ မနသီ၊ လေးလီ စက္ခုဖို့။
သောတာလောက၊ သဒ္ဒထင်ပြီ၊ မနသီ၊ လေးလီ သောတဖို့။
ဃာနဝါတ၊ ဂန္ဓထင်ပြီ၊ မနသီ၊ လေးလီ ဃာနဖို့။
ဇိဝှါအာပ၊ ရသထင်ပြီ၊ မနသီ၊ လေးလီ ဇိဝှါဖို့။
ပထဝီကာယ၊ ဖောဋ္ဌထင်ပြီ၊ မနသီ၊ လေးလီ ကာယဖို့။

**အတိမဟန္တာရုံဝီထိချပုံ။**

တီ န ဒ “ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ”။

## <u>အတိမဟန္တာရုံဝီထိဆိုရိုး (ကျက်ရန်)</u>

တဒါရမ္မဏဝါရ စက္ခုဒွါရိက အတိမဟန္တာရုံဝီထိဖြစ်ဟန်ကား- ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူဥပါဒ်ကြသည်မှစ၍ အတီတဘဝင်တစ်ချက်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံ ထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်ဖြစ်ပြီးလျှင်၊ (ရူပါရုံ+စက္ခုပသာဒ)တို့ (၁၇) ချက် ရပ်သက်စေ့ရကား-ဒုတိယတဒါရုံ၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်း ရှိသောဝီထိသည် **“တဒါရမ္မဏဝါရ စက္ခုဒွါရိက အတိမဟန္တာရုံဝီထိ”** မည်၏ ။

## အတီတဘွင်ချပုံလင်္ကာ

အတိမဟန်, တစ်ချက်လွန်, မဟန် နှစ်-သုံးသာ။

လေးက အစ, ကိုးတိုင်ကျ၊ လွန်က ပရိတ္တာ။

တစ်ဆယ်အာဒိ, ဆယ့်ငါးထိ, လွန်တိ ပရိတ္တာ။

## <u>အတိမဟန္တာရုံ စက္ခုဒွါရဝီထိဖြစ်ပုံကို သရက်ဥပမာဖြင့် ဋီကာပြပုံ</u>

သတ္တာဝါတိုင်း၌ ဝီထိစိတ်မဖြစ်မီ ရှေးဦးစွာ ဘဝင်ကျနေခြင်းသည် လူတစ်ယောက်၏ သရက်ပင်အောက်၌ အိပ်ပျော်နေခြင်းနှင့် တူ၏။ ထိုသို့ အိပ်ပျော်နေသောအခါ သရက်သီး ကြွေသံ အားကြောင့် နိုးကြားသဖြင့် ခေါင်းမြီးခြုံဖွင့်၍ ကြည့်သောအခါ သရက်သီးကိုမြင်ရာ လှမ်း၍ယူကာ လက်နှင့်နှိပ်၍ စမ်းသပ် နှာခေါင်းနှင့်ရှူကာ နမ်းလျှက် မှည့်မှန်းသိသောအခါ သုံးစားလေသည်။ သုံးစား၍ ပြီးသောအခါ နောက်ထပ်တစ်ခါ အိပ်ပြန်လေသည်။

**ဤပုံစံ၌–** သရက်ပင်အောက်၌ အိပ်ပျော်နေခြင်းသည် ဘဝင်ကျနေခြင်းနှင့်တူ၏။ ဝီထိစိတ် ဖြစ်ပေါ်လာနိုင်ရန် အာရုံ၏ ပသာဒ၌ ထိခိုက်ခြင်းသည် အနီးအပါး၌ သရက်သီး ကြွေကျပုံနှင့် တူ၏။
ဘဝင်အစဉ်ကို ဖြတ်၍ အာဝဇ္ဇန်းစိတ် ရှေးဦးစွာပေါ်လာခြင်းသည် သရက်သီး ကြွေကျသံ ကြောင့် နိုးသည်နှင့်တူ၏။
စက္ခုဝိညာဉ်စိတ်ဖြစ်၍ ရူပါရုံကိုမြင်ခြင်းသည် ခေါင်းမြီးခြုံကို ဖွင့်လှစ်၍ ကြည့်ခြင်းနှင့် တူ၏။ သမ္ပဋိစ္ဆိုင်း စိတ်၏ ခံယူသကဲ့သို့ ဖြစ်ခြင်းသည် သရက်သီးကို လှမ်း၍ယူခြင်းနှင့်တူ၏။

သန္တီရဏစိတ်၏ ထိုခံယူပြီးသောအာရုံကို ဣဋ္ဌမှန်း, အနိဋ္ဌမှန်း စုံစမ်းသကဲ့သို့ ဖြစ်ခြင်းသည် သရက်သီး မှည့်မှန်း မမှည့်မှန်း နှိပ်စမ်းခြင်းနှင့်တူ၏။
ဝုဋ္ဌောစိတ်၏ ဣဋ္ဌပဲ သို့မဟုတ် အနိဋ္ဌပဲဟု ပိုင်းခြားသတ်မှတ် ဆုံးဖြတ်သကဲ့သို့ ဖြစ်ခြင်းသည် နမ်းရှုကြည့်၍ မှည့်မှန်းသိရခြင်းနှင့် တူ၏။
ဇောစိတ်၏ အာရုံအရသာကို ခံစားခြင်းသည် မှည့်မှန်းသိ၍ အရသာခံလျက် ကိုက်စားနေခြင်းနှင့် တူ၏။
တဒါရုံ၏ ဇောနောက်လိုက်ကာ ဇော၏အာရုံကိုယူခြင်းသည် မျိုချလိုက်သည်နှင့် တူ၏။ ထို့နောက် ဘဝင်ကျခြင်းသည် ပြန်အိပ်ခြင်းနှင့် တူ၏။

**ယာ၁၀ တဒါရမ္မဏာပွါဒါ စသည်ဖြင့်-** မဟန္တာရုံဝီထိမည်ပုံ (ဖြစ်ပုံ) ကို ပြပါသည်။

## မဟန္တာရုံဝီထိမည်ပုံ

တဒါရုံနှစ်ကြိမ်ဖြစ်သည့်တိုင်အောင် မလောက်သည်ဖြစ်၍ လွန်ခြင်းရှိသော သင့်တင့်ရုံ ထင်ရှား အားကြီးသော အာရုံသည် မဟန္တာရုံဝီထိမည်၏။

**မှတ်ချက်။ ။** ဤမဟန္တာရုံဝီထိသည် **"မဟန် နှစ်, သုံးသာ"** ဟူသည်နှင့် အညီ အတီတဘဝင် (၂)ကြိမ်လွန်သော ဝီထိ၊ အတီတဘဝင် (၃)ကြိမ် လွန်သော ဝီထိ-ဟု (၂)ဝီထိ ရှိသည်။ ထို့ကြောင့် အောက်ပါအတိုင်း ဝီထိချနိုင်သည်။

### မဟန္တာရုံဝီထိ(၂)ဝီထိ

၁။ တီ တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

၂။ တီ တီ တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ

### <u>ပထမ မဟန္တာရုံ ဝီထိဆိုရိုး</u>

ပဌမ မဟန္တာရုံဝီထိဖြစ်ဟန်ကား- ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေ့ရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတဘဝင်နှစ်ကြိမ်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင် ခြင်းသို့ရောက်သဖြင့် ဘဝင်စလနှ၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော(၇) ကြိမ် ဖြစ်ပြီးလျှင် ဘဝင်တစ်ကြိမ်အကျတွင် ရူပါရုံနှင့် စက္ခုပသာဒတို့ (၁၇)ချက် ရပ်သက်စေ့ရကား- ပဌမဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသောဝီထိသည် ပဌမမဟန္တာရုံဝီထိမည်၏ ။

## အပွဟောန္တာတီတကအရ "မလောက်သည်ဖြစ်၍" လွန်ပုံ

မဟန္တာရုံဝီထိ၌ တဒါရုံနှစ်ကြိမ် မဖြစ်လောက်ပဲ အတီတဘဝင်နှစ်ကြိမ်၊ သုံးကြိမ်လွန်သည်ကို "မလောက်သည်ဖြစ်၍ လွန်သည်" ဟု ဆိုခြင်းဖြစ်သည် ။

## ပဌမ မဟန္တာရုံဝီထိ၌ တဒါရုံမကျခြင်းအကြောင်း

ပဌမမဟန္တာရုံဝီထိ၌ သတ္တမဇောနောင်တွင်အာရုံချုပ်သွားသောကြောင့် တဒါရုံမကျခြင်းဖြစ်သည်။

## ဒုတိယမဟန္တာရုံဝီထိ၌ တဒါရုံမကျခြင်းအကြောင်း

၎င်းဝီထိ၌ ဇောနောင် စိတ္တက္ခဏတစ်ချက်ကြွင်းရှိသေးသော်လည်း တဒါရုံနှစ်ကြိမ် မကျလောက်၊ တစ်ကြိမ်တည်းလည်း ဖြစ်ရိုးမရှိသောကြောင့် တဒါရုံမကျခြင်းဖြစ်သည်။

**ပဋ္ဌာန်ရှဲ တဒါရုံ အင်္ဂါစုံပါလျက် တဒါရုံ မကျသောဝီထိပြ ပါဠိ**

ယာဝ တဒါရမ္မဏုပ္ပါဒါ ပန - ပ - နတ္ထိ တဒါရမ္မဏုပ္ပါဒေါ။ စာပိုဒ် - ၁၂

**ယာဝ ဇဝနုပ္ပါဒါပိ စသည်ဖြင့်-** ပရိတ္တာရုံ ဝီထိမည်ပုံကို ပြပါသည်။

## ပရိတ္တာရုံဝီထိမည်ပုံ

ဇောဖြစ်သည့်တိုင်အောင် မလောက်သည်ဖြစ်၍ ထင်ခြင်းသို့ရောက်သော မထင်မရှား (မသိမသာ) အားနည်းသော အာရုံသည် ပရိတ္တာရုံဝီထိမည်၏။

**မှတ်ချက်။** ဤပရိတ္တာရုံဝီထိသည် **"လေးကအစ၊ ကိုးတိုင်ကျ လွန်က ပရိတ္တာ"** ဟူသည်နှင့် အညီ အတီတဘဝင် (၄)ကြိမ်လွန်သော ဝီထိမှစ၍ အတီတဘဝင် (၉)ကြိမ်လွန်သော ဝီထိ - အထိ (၆)ဝီထိ ရှိသည်။

ထို့ကြောင့် အောက်ပါအတိုင်းဝီထိချနိုင်သည်။

**စက္ခုဒွါရ ပရိတ္တာရုံ ၆-ဝီထိ**

၁။ တီ တီ တီ တီ န ဒ "ပ စ သံ ဏ ဝု ဝု ဝု " ဘ ဘ ဘ ဘ။

၂။ တီ တီ တီ တီ တီ န ဒ "ပ စ သံ ဏ ဝု ဝု ဝု " ဘ ဘ ဘ။

၃။ တီ တီ တီ တီ တီ တီ န ဒ “ပ စ သံ ဏ ဝု ဝု ဝု ” ဘ ဘ။

၄။ တီ တီ တီ တီ တီ တီ တီ န ဒ “ပ စ သံ ဏ ဝု ဝု ဝု” ဘ။

၅။ တီ တီ တီ တီ တီ တီ တီ တီ န ဒ “ပ စ သံ ဏ ဝု ဝု ဝု ”

၆။ တီ တီ တီ တီ တီ တီ တီ တီ တီ န ဒ “ပ စ သံ ဏ ဝု ဝု”

**<u>ပရိတ္တာရုံဝီထိ၌ ဇော-မစောနိုင်ခြင်းအကြောင်း</u>**

ပရိတ္တာရုံဝီထိ၌ အာရုံအားနည်းသောကြောင့် ဇော-မစောနိုင်။

**<u>ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌော နှစ်ကြိမ်၊ သုံးကြိမ်ဖြစ်ရခြင်းအကြောင်း</u>**

ဝုဋ္ဌောသည် ဇောကျသောဝီထိ၌ တစ်ကြိမ်သာဖြစ်၍ ဇောမကျသော ဝီထိ၌ ဇောအစား နှစ်ကြိမ်၊ သုံးကြိမ်ဖြစ်ရိုးရှိသောကြောင့် ဇောမကျသော ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌော နှစ်ကြိမ်၊ သုံးကြိမ်ဖြစ်ရသည်။ **(သာဓက)** တတ္ထ ဇဝနမ္ပိ အနုပ္ပန္နေတွာ ဒွတ္တိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိ။

**<u>ဇောမဟုတ်သော်လည်း ဇောအလုပ်လုပ်သောစိတ်၊ (ဇောအတု ဇောယောင်ဆောင်သော စိတ်)</u>**

ဝုဋ္ဌောစိတ်။

**(သာဓက)** တတ္ထ ဇဝနမ္ပိ အနုပ္ပန္နေတွာ ဒွတ္တိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိ။

**ယာဝ ဝေါဋ္ဌဗ္ဗနုပ္ပါဒါ စ ပန စသည်ဖြင့် -** အတိပရိတ္တာရုံဝီထိမည်ပုံကို ပြပါသည်။

**<u>အတိပရိတ္တာရုံဝီထိမည်ပုံ</u>**

ဝုဋ္ဌောဖြစ်သည့်တိုင်အောင် မလောက်သည်ဖြစ်၍ လွန်ခြင်းရှိသော ထင်ခြင်းသို့ ရောက်သော ချုပ်ခါနီးဖြစ်၍ အလွန်အားနည်းသော အာရုံသည် အတိပရိတ္တာရုံဝီထိမည်၏။

**မှတ်ချက်။** ။ ဤအတိပရိတ္တာရုံဝီထိသည် **"တစ်ဆယ် အာဒိ- ဆယ့်ငါးထိ, လွန်တိ ပရိတ္တာ"** ဟူသည်နှင့် အညီ အတီတဘဝင် (၁၀)ကြိမ်လွန်သော ဝီထိမှစ၍ အတီတဘဝင် (၁၅)ကြိမ် လွန်သော ဝီထိ - အထိ (၆)ဝီထိ ရှိသည်။

## စက္ခုဒွါရ အတိပရိတ္တာရုံ ၆-ဝီထိ

၁။ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ ဘ ဘ ဘ ။

၂။ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ ဘ ဘ ။

၃။ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ ဘ ။

၄။ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ ။

၅။တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ။

၆။ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ။

## အတိပရိတ္တာရုံဝီထိ၌ ဘဝင်္ဂစလနဖြစ်ရခြင်းအကြောင်း

အလွန်အားဖြင့် စိတ္တက္ခဏ(၇)ချက်အသက်ကြွင်းရှိသောအာရုံ၏ ဝုဒ္ဓော ၂-ကြိမ်၊ ၃-ကြိမ် ဖြစ်ခြင်းငှါ မလောက်သောကြောင့် ဝီထိစိတ်များ ဖြစ်ခြင်း မရှိပဲ ဘဝင်္ဂစလန ချည်းသာ ဖြစ်ရသည်။

**ဝီထိစိတ် မဖြစ်သော ဝီထိ** - အတိပရိတ္တာရုံဝီထိ ဖြစ်ပါသည်။ ဝီထိပိုင်း (၁၄)ကို ထောက်။

**ဝီထိစိတ် မဖြစ်သောဘုံ –** အသညသတ်ဘုံ ဖြစ်ပါသည်။ ဝီထိပိုင်း (၅၃) ကို ထောက်။

**ဝီထိ အတု ကား –** အတိပရိတ္တာရုံဝီထိ၊ အာဂန္တုကဘဝင်ဝီထိတို့ ဖြစ်ပါသည်။

**ဝီထိ အစစ်ကား ။ ။** အတိပရိတ္တာရုံဝီထိ၊ အာဂန္တုကဘဝင်ဝီထိတို့မှတပါး ကျန်ဝီထိများ ဖြစ်ပါသည်။

**ဣစ္စေဝံ စက္ခုဒွါရေ စသည်ဖြင့်–** ပဉ္စဒွါရ(၇၅)ဝီထိရှိပုံ နိဂုံးကို ပြပါသည်။

စက္ခုဒွါရ၌ ဝိသယပ္ပဝတ္တိ (၄)ပါး၊ (၁၅)ဝီထိရှိသကဲ့သို့ သောတဒွါရ စသည်တို့၌လည်း ဝိသယပ္ပဝတ္တိ (၄)ပါး၊ ဝီထိ (၁၅)ဝီထိစီရှိကြသောကြောင့် ပဉ္စဒွါရ၌(၇၅) ဝီထိရှိပါသည်။

## ပဉ္စဒွါရ (၇၅)ဝီထိကား

စက္ခုဒွါရ၌ အတိမဟန္တာရုံ ၁-ဝီထိ၊ မဟန္တာရုံ ၂-ဝီထိ၊ ပရိတ္တာရုံ ၆-ဝီထိ၊ အတိပရိတ္တာရုံ ၆-

ဝီထိအားဖြင့် ၁၅-ဝီထိ၊ ထို့အတူ သောတဒွါရ၌ ၁၅-ဝီထိ၊ ဃာနဒွါရ၌ ၁၅-ဝီထိ၊ ဇိဝှါဒွါရ၌ ၁၅-ဝီထိ၊ ကာယဒွါရ၌ ၁၅-ဝီထိ၊ ပေါင်း ၇၅။

**စတုန္နံ ဝါရာနံ ယထာက္ကမံ-၌ စတုန္နံ ဝါရာနံ-အရ ။ ။**

(၁) တဒါရမ္မဏဝါရ (၂) ဇဝနဝါရ (၃) ဝေါဋ္ဌဗ္ဗနဝါရ (၄) မောဃဝါရတို့ ဖြစ်ပါသည်။

**အာရမ္မဏဘူတာ ဝိသယပ္ပဝတ္တိ စတုဓာ-အရ ။ ။**

အတိမဟန္တာရုံ, မဟန္တာရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံတို့ ဖြစ်ပါသည်။

**အာရုံလေးပါးနှင့် ဝါရလေးမျိုးတွဲစပ်ပုံ**

၁။ အတိမဟန္တာရုံသည် တဒါရုံအဆုံးရှိသောကြောင့် **တဒါရမ္မဏဝါရ** မည်ပါသည်။

၂။ မဟန္တာရုံသည် ဇောအဆုံးရှိသောကြောင့် **ဇဝနဝါရ** မည်ပါသည် ။

၃။ ပရိတ္တာရုံသည် ဝုဋ္ဌောအဆုံးရှိသောကြောင့် **ဝေါဋ္ဌဗ္ဗနဝါရ** မည်ပါသည်။

၄။ အတိပရိတ္တာရုံသည် အချင်းခပ်သိမ်းဝီထိစိတ်မဖြစ်သောကြောင့် **မောဃဝါရ** မည်ပါသည်။

**ဝီထိစိတ္တာနိ သတ္တေဝ စသော ဂါထာဖြင့်-** ပဉ္စဒွါရဝီထိစိတ် သရုပ်ကို ပြပါသည်။

## ပဉ္စဒွါရ၌ ဝီထိစိတ် သရုပ်

တဒါရမ္မဏဝါရ အတိမဟန္တာရုံဝီထိ၌ ဝီထိစိတ် အမျိုးအစား ၇-ပါး၊ ဖြစ်သောစိတ်အကြိမ် ၁၄-ကြိမ်၊ ဖြစ်နိုင်သောစိတ်အကျယ် ၅၄-ပါးတည်း။

ဇဝနဝါရ မဟန္တာရုံ ၂-ဝီထိ၌ ဝီထိစိတ်အမျိုးအစား ၆-ပါး၊ ဖြစ်သောစိတ်အကြိမ် ၁၂-ကြိမ်၊ ဖြစ်နိုင်သော စိတ် အကျယ် ၄၆-ပါးတည်း။

ဝေါဋ္ဌဗ္ဗနဝါရ ပရိတ္တာရုံ ၆ ဝီထိ၌ ဝီထိစိတ် အမျိုးအစား ၅-ပါး၊ ဖြစ်သောစိတ်အကြိမ် ၆-ကြိမ်၊ ဖြစ်နိုင်သော စိတ် အကျယ် ၁၈-ပါးတည်း။

(မောဃဝါရ အတိပရိတ္တာရုံ ဝီထိများမှာ ဝီထိစိတ် မဖြစ် နိုင်၍ ခွဲဝေရန်မလို။)

**စိတ်အမျိုးအစားအားဖြင့်– ၇ ပါး (သတ္တ အရ)**

ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ။

**စိတ်အကြိမ်အရေအတွက်အားဖြင့် –၁၄ ကြိမ် ( စတုဒ္ဒသ အရ )**

ပဉ္စဒွါရာဝဇ္ဇန်း -၁ ၊ ပဉ္စဝိညာဏ် -၁ ၊ သမ္ပဋိစ္ဆိုင်း -၁ ၊ သန္တီရဏ-၁၊ ဝုဋ္ဌော-၁၊ ဇော-၇ကြိမ်၊ တဒါရုံ-၂ကြိမ်။

**စိတ်သရုပ်အကျယ်အားဖြင့် –၅၄ ပါး ( စတုပညာသ အရ )**

ပဉ္စဒွါရာဝဇ္ဇန်း -၁၊ ပဉ္စဝိညာဏ်-၁၀၊ သမ္ပဋိစ္ဆိုင်း-၂၊ သန္တီရဏ-၃၊ ဝုဋ္ဌော-၁၊ ကာမဇော-၂၉၊တဒါရုံ (မဟာဝိပါက်) -၈ ။

**မှတ်ချက်။ ။** ထိုပဉ္စဒွါရ၌ ဖြစ်သော ဝီထိစိတ် (၅၄) ပါးသည် ကာမစိတ် (၅၄) ပါးပင် ဖြစ်၏။

<u>**ပဉ္စဒွါရေ ယထာရဟံ၌ ယထာရဟံအဓိပ္ပါယ်**</u>

စက္ခုဒွါရ၌ ရူပါရုံထင်လာလျှင် ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်စသည်ဖြစ်၏၊ သောတဒွါရ၌ သဒ္ဒါရုံထင်လာလျှင် ပဉ္စဒွါရာဝဇ္ဇန်း၊ သောတဝိညာဉ်စသည်ဖြစ်၏၊ ဤသို့ ဒွါရအလိုက်၊ အာရုံအလိုက်၊ ထိုက်သည်အားလျှော်စွာ ဝီထိစိတ်များဖြစ်ခြင်းကိုပင် **"ယထာရဟံ"** ဟုဆိုပါသည်။

<u>**စက္ခုဒွါရိက အတိမဟန္တာရုံဝီထိ၌ ပါဝင်သော စိတ်တို့၏အာရုံနှင့် မှီရာ ဝတ္ထုများ။**</u>

အတီတတွင် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ဟူသောဘွင်များသည် ကံ ကမ္မနိမိတ် ဂတိနိမိတ် တို့တွင် တစ်ပါးပါးကို အာရုံပြုပါသည်။ (ပကိဏ်းစာပိုဒ် ၅၃)

ပဉ္စဒွါရာဝဇ္ဇန်းမှစ၍ တဒါရုံတိုင်အောင်သော ဝီထိစိတ်များသည် ပစ္စုပ္ပန် ရူပါရုံကို အာရုံပြုပါသည်။ (ပကိဏ်းစာပိုဒ် ၅၁)

စက္ခုဝိညာဏ်သည် စက္ခုဝတ္ထုကို မှီ၍ ဘွင်နှင့်တကွသော ကြွင်းစိတ်အားလုံးသည် ဟဒယဝတ္ထုကို မှီပါသည်။ (ပကိဏ်းစာပိုဒ် ၆၈/ ၆၉/၇၀/၇၁)

# မနောဒွါရဝီထိ

**မနောဒွါရသည်** ကာမဇောဝါရဝီထိ၊ အပ္ပနာဇောဝါရဝီထိဟု နှစ်မျိုးရှိပါသည်။ ထိုနှစ်မျိုးတို့တွင် - ကာမဇောစောသော စိတ်ဖြစ်သည့် အကြိမ်ကို **"ကာမဇောဝါရဝီထိ"** ဟု ခေါ်ပါသည်။

**ထိုမနောဒွါရ (ဘဝင်စိတ်) ၌ ထင်နိုင်သောအာရုံများမှာ–**

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ် တို့ဖြစ်သည် ။

**အတီတဘဝင် ချထိုက်/ မချထိုက်**

ထိုတွင် မနောဒွါရ၌ လွန်ပြီးသော အတိတ်ရုပ်တရား၊ မဖြစ်သေးသော အနာဂတ်ရုပ်တရား၊ စိတ္တက္ခဏတစ်ချက်မျှ အသက်ရှည်သော စိတ်, စေတသိက်၊ ထင်ရှားမရှိသော ပညတ်နှင့် နိဗ္ဗာန်များပင် ထင်လာနိုင်ရကား ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ဘယ်လောက်လွန်မှ ထင်လာသည်ဟု မဆိုထိုက်သောကြောင့် ထိုအာရုံများနှင့်စပ်၍ အတီတဘဝင် ချခွင့် မရှိတော့ပြီ။

ပစ္စုပ္ပန်ရုပ် အချို့အတွက်ကား စိတ္တက္ခဏ မည်မျှလွန်မှ ထင်လာသည်ဟု ဆိုထိုက်လေ၏။ ထိုအာရုံမျိုးနှင့်စပ်၍ အတီတဘဝင် ချအပ်၏။ ထို့ကြောင့် အရှင်အနုရုဒ္ဓါဆရာသည် ရုပ်အတွက် အထူးမြွက်၍ မပြောတော့ဘဲ ဘဝင်္ဂစလန-က စ၍ ဝီထိကို စဉ်ပြပါသည်။

**ဆောင်။ ။** စိတ် စေတသိက်၊ ရုပ်တိတ်နာဂတ်၊ ပညတ်နိဗ္ဗာန်၊ ထင်လာမှန်လျှင်၊ ဘဝင်တီတ၊
ချဖွယ်မဟုတ်၊ ပစ္စုပ်ရုပ်သာ၊ ထင်သောခါဝယ်၊ လျော်စွာနှိုင်းညှိ၊ ချခွင့်ရှိသည်၊
ယုတ္တိယုတ္တာ စမ်းလေလော။

**ကာမဇောဝါရမနောဒွါရဝီထိသည်လည်း –**

၁၇-ချက် ရုပ်သက် ရကောင်းသော ဝိဘူတာရုံ ၅-ဝီထိ၊ အဝိဘူတာရုံ ၂-ဝီထိ၊
၁၇-ချက် ရုပ်သက် မရကောင်းသော ဝိဘူတာရုံ ၁-ဝီထိ၊ အဝိဘူတာရုံ ၁-ဝီထိ ဟူ၍ ၉-မျိုး ပြား၏။

**မနော ဒွါရေ ပန စသည်ဖြင့်–** ဝိဘူတာရုံဝီထိကို ပြပါသည်။
မနောဒွါရ၌ ထင်ထင်ရှားရှား ထင်လာသောအာရုံကို **“ဝိဘူတာရုံ”** ဟု ခေါ်သည် ။

**မနောဒွါရ ဝိဘူတာရုံဝီထိချုပ်**

န ဒ “မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ”။

**မနောဒွါရ ကာမဇောဝါရ ဝိဘူတာရုံဝီထိဖြစ်ဟန်ကား-**

ထင်ရှားသော အာရုံတစ်ပါးပါးသည် မနောဒွါရ၌ထင်လာသည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ် ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏ ။

**တစ်နည်း။ ။ (၁၇)ချက် ရုပ်သက်ရကောင်းသော ဝိဘူတာရုံ (၅)ဝီထိ**

၁။ တီ န ဒ ‘မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ” ဘ ဘ ဘ ဘ ။

၂။ တီ တီ န ဒ “မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ” ဘ ဘ ဘ ။

၃။ တီ တီ တီ န ဒ “မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ” ဘ ဘ ။

၄။ တီ တီ တီ တီ န ဒ ‘မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ” ဘ ။

၅။ တီ တီ တီ တီ တီ န ဒ “မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ” ။

**အဝိဘူတေ ပနာရမ္မဏေ စသည်ဖြင့် –** အဝိဘူတာရုံဝီထိကို ပြပါသည်။

မနောဒွါရ၌ မထင်မရှားထင်လာသော အာရုံကို **“အဝိဘူတာရုံ”** ဟုခေါ်သည်။

**မနောဒွါရ အဝိဘူတာရုံဝီထိ ချပုံ**

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ

**ဆိုရိုး ။ ။** မထင်ရှားသော အာရုံတစ်ပါးပါးသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၇-ကြိမ်ဖြစ်ပြီးလျှင် ထို့နောင် ဘဝင်ဖြစ်ထိုက် သမျှဖြစ်၏။

**တစ်နည်း။ ။ (၁၇)ချက်ရုပ်သက်ရကောင်းသော အဝိဘူတာရုံ (၂)ဝီထိ**

၁။ တီ တီ တီ တီ တီ တီ န ဒ “မ ဇ ဇ ဇ ဇ ဇ ဇ ဇ” ဘ ။

၂။ တီ တီ တီ တီ တီ တီ တီ န ဒ “မ ဇ ဇ ဇ ဇ ဇ ဇ ဇ” ။

<u>**မနောဒွါရ၌ အတိမဟန္တာရုံစသည်တို့ကို မှတ်၍ မဆိုခြင်းအကြောင်း**</u>

အတိမဟန္တာရုံစသည်ကား ပစ္စုပ္ပန်အာရုံသာဖြစ်၏၊ မနောဒွါရိကများကား အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ ကာလဝိမုတ်ဖြစ်သော အာရုံများကို အာရုံပြုသောကြောင့် မနောဒွါရဝီထိ၌ အတိမဟန္တာရုံအစရှိသော အာရုံများဖြင့်မှတ်၍ မဆိုပါ။

**ဝီထိစိတ္တာနိ တီဏေဝ စသော ဂါထာဖြင့်-** မနောဒွါရ ဝီထိစိတ်သရုပ်ကို ပြပါသည်။

### မနောဒွါရ ဝီထိစိတ်သရုပ်

မနောဒွါရ ဝိဘူတာရုံဝီထိ၌ ဝီထိစိတ်အမျိုးအစား ၃-ပါး၊ ဖြစ်သော စိတ်အကြိမ် ၁၀-ကြိမ်၊ ဖြစ်နိုင်သော စိတ်အကျယ် ၄၁-ပါးတည်း။

အဝိဘူတာရုံဝီထိ၌ ဝီထိစိတ်အမျိုးအစား ၂-ပါး၊ ဖြစ်သော စိတ်အကြိမ် ၈-ကြိမ်၊ ဖြစ်နိုင်သော စိတ်အကျယ် ၃၀-ပါးတည်း။

### ဝီထိစိတ္တာနိ တီဏေဝ၌ တီဏိအရ-

မနောဒွါရာဝဇ္ဇန်း၊ဇော၊တဒါရုံအားဖြင့် ဝီထိစိတ်(၃)ပါးရ၏၊

### စိတ္တုပ္ပါဒါ ဒသေရိတာ၌ ဒသအရ-

မနောဒွါရာဝဇ္ဇန်း၊ ဇော-၇ကြိမ်၊ တဒါရုံ-၂ကြိမ်၊ ပေါင်း(၁၀) ပါး ရ၏ ။

### ဝိတ္ထာရေန ပနေတ္ထေက စတ္တာလီသ၌ ဧကစတ္တာလီသအရ-

ဒွေးပဉ္စဝိညာဉ်-၁၀၊ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော-၂၉၊ တဒါရုံ-၁၁၊ ပေါင်း-၄၁ ပါးရ၏ ။

## မနောဒွါရ အပ္ပနာဇောဝါရ

### "အပ္ပနာ" ခေါ်ပုံ

ဝိတက်၏ အာရုံသို့ တင်ပေးခြင်းကိစ္စကြောင့် ဆိုင်ရာအာရုံ၌ ခိုင်မြဲသော လောကီ, လောကုတ္တရာ ပထမဈာန်စိတ် စေတသိက်တို့ကို **"အပ္ပနာ"** ဟု ခေါ်ပါသည်။

**တနည်း။ ။** ဆန့်ကျင်ဘက် နီဝရဏတို့မှ ဝေးကွာ၍ ဆိုင်ရာအာရုံ၌ စွဲမြဲတည်တံ့ခိုင်ခန့်ခြင်းအား ဖြင့် ဖြစ်စေသောကြောင့် ရူပ, အရူပ, လောကုတ္တရာ စသည်တို့ကို **"အပ္ပနာ"** ဟုခေါ်ဆိုပါသည်။

ထိုအပ္ပနာမည်သောဇောများကို ပြဆိုသောဝီထိကို **"အပ္ပနာဇောဝီထိ"** ဟုခေါ်ပါသည်။ တနည်း- အပ္ပနာဇောပြဋ္ဌာန်းသောဝီထိသည် **"အပ္ပနာဇောဝီထိ"** မည်ပါသည်။

**ဆောင်။ ။** ဝိတက်ခေါင်မှူး၊ ကိစ္စထူးကြောင့်၊ လွန်ကြူးမြဲမြံ၊ ပထမဈာန်ကို၊ ခေါ်ရန်ဝေါဟာ၊ အပ္ပနာတဲ့။
တဖြာထက်ခွင်၊ ဈာန်အစဉ်လည်း၊ ဆန့်ကျင်ကွာကင်း၊ မြဲခိုင်ခြင်းကြောင့်၊ မယွင်းမှီယူ၊

သဒ္ဒိသူဖြင့်၊ ညီတူဝေါဟာ၊ အပ္ပနာဟု၊ ဋီကာမူလ၊ အဖွင့်ပြသည်၊ အဋ္ဌကထာအသုံးတည်း။

**အပ္ပနာဇဝနဝါရေ ပန စသည်ဖြင့်**– အပ္ပနာဇောဝါရနှင့် စပ်၍ သိဖွယ် အကျဉ်းကိုပြပါသည်။

## အပ္ပနာဇောဝါရ၌ သိဖွယ် အကျဉ်း

အပ္ပနာဇောဝါရ၌ (ကာမဇောဝါရကဲ့သို့) ဝိဘူတရုံ, အဝိဘူတာရုံဟု နှစ်မျိုးကွဲပြားခြင်း မရှိ၊ ဝိဘူတာရုံတစ်မျိုးသာ ရှိပါသည်။ တဒါရုံဖြစ်ခြင်း (ကျခြင်း) လည်း မရှိပါ။

## အပ္ပနာဇောဝါရ၌ အာရုံ နှစ်မျိုးမရှိခြင်းအကြောင်း

ဈာန်ရဖို့ရန် ပထဝီကသိုဏ်း စသည်ကို အာရုံပြု၍ ကမ္မဋ္ဌာန်းစီးဖြန်းသည့်အခါ ထိုအာရုံတို့ တော်တော်တန်တန် ထင်ရုံမျှဖြင့် ဈာန်ကို မရချေ။ အလွန်ပေါ်လွင်စွာ ထင်လာမှသာ ဈာန် ဟူသော အပ္ပနာဇောများ ဖြစ်ပေါ်လာလေသည်။ မဂ်, ဖိုလ်ဟူသော အပ္ပနာဇောတို့၏ အာရုံကား လွန်စွာထင်ရှားသော နိဗ္ဗာန်တရားပေတည်း။ ထို့ကြောင့် ကာမဇောဝါရကဲ့သို့ ဝိဘူတာရုံ၊ အဝိဘူတာရုံ နှစ်မျိုးမရှိပါ။

အာရမ္မဏဿ ဝိဘူတကာလေယေဝ အပ္ပနာသမ္ဘဝတော။ **(ဋီကာကျော်)**

## အပ္ပနာဇောဝါရ၌ တဒါရုံ မဖြစ်ခြင်းအကြောင်း

**ကာမေ ဇဝနသတ္တာ–လမ္ဗဏာနံ နိယမေ သတိ။**

**ဝိဘူတေတိ မဟန္တေ စ၊ တဒါရမ္မဏ'မီရိတံ** - ဂါထာ အရ တဒါရုံသည် ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ (ဝိဘူတာရုံ /အတိမဟန္တာရုံ) ၊ဤအကြောင်း သုံးပါးစုံမှ တဒါရုံကျ နိုင်ပါသည်။ ထို့ကြောင့် အပ္ပနာဇောဝါရ၌ ကာမဇော မဟုတ်သောကြောင့် တဒါရုံ မကျနိုင်ပါ။

## မနောဒွါရ ကာမဇောဝါရနှင့် မနောဒွါရ အပ္ပနာဇောဝါရ အထူး

ကာမဇောဝါရ - ၌ ဝိဘူတ အဝိဘူ နှစ်မျိုးရှိ၍ ဝိဘူတာရုံ၌ တဒါရုံ ကျပါသည်။
အပ္ပနာဇောဝါရ - ၌ ဝိဘူတာရုံတစ်မျိုးသာရှိ၍ တဒါရုံလည်း မကျနိုင်ပါ။ ဤသို့ ထူးပါသည်။
**သာဓက –** ဝိထိပိုင်း စာပိုဒ် ၁၇-၁၈-၂၀ ။

## ပဉ္စဒွါရ နှင့် မနောဒွါရတို့ အာရုံထင်ကြပုံ

ပဉ္စဒွါရ၌ အာရုံထင်လာခြင်းသည် အာရုံဟူသော မိမိ၏အစွမ်းဖြင့် ထင်လာခြင်း ဖြစ်၏။ မနောဒွါရ၌ အာရုံထင်လာခြင်းသည် များသောအားဖြင့် စိတ်၏အစွမ်းဖြင့် ထင်လာခြင်းဖြစ်၏။ ကံစွမ်း တန်ခိုးစွမ်း စသည်ဖြင့် ထင်လာ ခြင်းမျိုးသည် ရှိပါသည်။

**တတ္ထ ဟိ ဉာဏသမ္ပယုတ္တကာမာဝစရဇဝနာန မဠ္ဍန္တံ စသည်ဖြင့် -** အပ္ပနာဇောဝါရဝီထိဖြစ်ပုံ တစ်နည်း - ဥပစာရ သမာဓိဇောစောပုံကို ပြပါသည်။

**အပ္ပနာဇောဝီထိသည်လည်း** ဈာနဝီထိ, မဂ္ဂဝီထိ, ဖလသမာပတ္တိဝီထိ, အဘိညာဝီထိ, နိရောဓ သမာပတ္တိဝီထိ အားဖြင့် ၅-ပါးအပြား ရှိပါသည်။

**ဈာန်, မဂ်, ဖလံ, အဘိညံ, တစ်ဖန် နိရောဓ၊ အပ္ပနာပြ ဇောဝါရ ငါးဝ ဝီထိကျ။**

## ဈာနဝီထိ

ဈာနဝီထိသည် အာဒိကမ္မိကဝီထိ၊ သမာပဇ္ဇနဝီထိ အားဖြင့် နှစ်ပါး ရှိပါသည်။
ထိုနှစ်ပါးတို့တွင် ဈာန်ရပုဂ္ဂိုလ်၏ဝီထိသည် အာဒိကမ္မိကဝီထိ မည်ပါသည်။
ဈာန်ရပြီး ဝင်စားသောသူ၏ ဝီထိသည် သမာပဇ္ဇနဝီထိ မည်ပါသည်။

## အာဒိကမ္မိက ပထမဈာနဝီထိဖြစ်ပုံ

ကသိုဏ်းပညတ်ကို အာရုံပြု၍ မနောဒွါရ၌ ထင်လာသည်ရှိသော်- ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း ဖြစ်၍ ကမ္မဋ္ဌာန်းပေါက်လုခါနီး၌ဖြစ်သော သေက္ခပုဂ္ဂိုလ် ဖြစ်က မဟာကုသိုလ်၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်က မဟာကြိယာစိတ်များသည် ဉာဏ်ယှဉ်သော စိတ်များသာ ဖြစ်ထိုက်သောကြောင့် မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ သေက္ခဖြစ်က မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄၊ ရဟန္တာဖြစ်က မဟာကြိယာ ဉာဏသမ္ပယုတ်၄၊ ဤ ၈-ပါးတို့တွင် တစ်ပါးပါးသည် လေးကြိမ် စောခွင့်ရှိပါသည်။

**ထိုလေးကြိမ်စောရာ၌ ၎င်းဇောတို့၏ နာမည်ကား**

၁။ ပရိကံ ၂။ ဥပစာရ ၃။ အနုလုံ ၄။ ဂေါတြဘု တို့ ဖြစ်ပါသည်။

ဤပရိကံစသော ဇောများကို ဈာန်မဂ်ဖိုလ်တို့၏ အနီးဥပစာ၌ဖြစ်သောကြောင့် **"ဥပစာရ သမာဓိဇော"** ဟုခေါ်ပါသည်။

**ယောဂီပုဂ္ဂိုလ်သည်** မန္ဒပညပုဂ္ဂိုလ်၊ တိက္ခပညပုဂ္ဂိုလ် ဟု နှစ်မျိုးရှိပါသည်။

မန္ဒပညပုဂ္ဂိုလ်ဟူသည် နုံ့သောပညာရှိသူ။

တိက္ခပညပုဂ္ဂိုလ်ဟူသည် ထက်သောပညာရှိသူကို ဆိုပါသည်။

မန္ဒပညပုဂ္ဂိုလ်၌ လေးကြိမ်တိုင်အောင်စောမှ ကိစ္စပြီးပါသည်။ တိက္ခပညပုဂ္ဂိုလ်၌ အသိဉာဏ် လျင်မြန်ရကား သုံးကြိမ်စောရုံမျှဖြင့် ကိစ္စပြီးပါသည်။ ထို့နောက် အပ္ပနာစျာန်ဇော, မဂ်ဇောများကို ချရပါသည်။ ထိုသို့ချရာ၌ မန္ဒပညပုဂ္ဂိုလ်သန္တာန်၌ ဥပစာရသမာဓိဇော ၄-ကြိမ် စောပြီးနောက် ငါးကြိမ်မြောက်ဝယ် အပ္ပနာဇောစော၏။ တိက္ခပညပုဂ္ဂိုလ်၌ ဥပစာရသမာဓိဇော သုံးကြိမ် စောပြီးနောက် လေးကြိမ်မြောက်ဝယ် အပ္ပနာဇော စောပါသည်။

ဤသို့ ပထဝီကသိုဏ်းစသည်ကို အာရုံပြု၍ ပထမစျာန်ကို အစဆုံးရသောဝီထိဖြစ်သောကြောင့် **"အာဒိကမ္မိကဝီထိ"** မည်ပါသည်။

## မန္ဒပညပုဂ္ဂိုလ်၏ အာဒိကမ္မိက စျာနဝီထိဆိုရိုး

ပထဝီကသိုဏ်းစသည်ကို စီးဖြန်းဖန်များသဖြင့် စျာန်ရလုလတ်၍ ထိုပထဝီကသိုဏ်း ပညတ်စသော အာရုံတပါးပါးသည် မနောဒွါရ၌ ထင်လာသည် ရှိသော် န ဒ မ ပ ဥ နု ဂေါ ဟုဆိုသော ဥပစာရသမာဓိဇော ၄/ ၃ကြိမ် ဖြစ်ပြီးနောက် ငါးကြိမ်မြောက်ဝယ် အပ္ပနာ သမာဓိဇော ၁-ကြိမ်အကျတွင် ဝီထိအစဉ် ပြတ်၍ ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်ပါသည်။

**မန္ဒပညပုဂ္ဂိုလ်=** န ဒ မ ပ ဥ နု ဂေါ စျာန် ဘ

**တိက္ခပညပုဂ္ဂိုလ်=** န ဒ မ ဥ နု ဂေါ စျာန် ဘ

## ပရိကံ-စသည်ခေါ်ပုံ

အပ္ပနာဖြစ်ပေါ်လာအောင် ပြုစီမံတတ်သောစိတ်ကို **"ပရိကံ"** ဟု ခေါ်ပါသည်။

အပ္ပနာနှင့်တစပ်တည်း ဆက်စပ်နေသော ဂေါတြဘုကို ဥပစာဟုမခေါ်ရ၊ အပ္ပနာ၏ အနီးအပါး ဂေါတြဘု၏ ရှေ့နားက စိတ်များကို **"ဥပစာ"** ဟုခေါ်ပါသည်။

ရှေးရှေးပရိကံ၏ကိစ္စကိုလည်း ဆက်လက်၍ ဆောင်ရွက်တတ်, အပ္ပနာကိုလည်း ပေါ်လာစေတတ်၍ ရှေးရှေးပရိကံနှင့် နောက်နောက် အပ္ပနာတို့အား လျော်ကန်သောကြောင့် **"အနုလောမ"** ဟုခေါ်ပါသည်။

ကာမအနွယ်နှင့် ပုထုဇဉ်အနွယ်ကို လွှမ်းမိုးတတ်သောကြောင့်ဌင်း, မဟဂ္ဂုတ်အနွယ်နှင့် လောကုတ္တရာအနွယ်ကို တိုးပွားစေတတ်သောကြောင့်ဌင်း **"ဂေါတြဘု"** ခေါ်ပါသည်။

## ဂေါတြဘု နှစ်ခု အထူး

ဈာနဝီထိ၌ ပါသော ဂေါတြဘုကား ကာမအနွယ်ကို လွှမ်းမိုးနှိပ်စက်တတ်၍ မဟဂ္ဂုတ်အနွယ်ကို တိုးပွားစေတတ်သောကြောင့် ဂေါတြဘု။

မဂ္ဂဝီထိ၌ပါသော ဂေါတြဘုကား ပုထုဇဉ် ခေါ် လောကီအနွယ်ကို လွှမ်းမိုး နှိပ်စက်၍ လောကုတ္တရာအနွယ်ကို တိုးပွားစေတတ်သောကြောင့် ဂေါတြဘု မည်ပါသည်။

## အဘယ်ဇောများကို အပ္ပနာဇောဟု ခေါ်ပါသနည်း။ (ဆဗ္ဗိသတိ အရ )

မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ မဟဂ္ဂုတ်ကြိယာ ၉-ပါး၊ လောကုတ္တရာစိတ် ၈-ပါး ပေါင်း ၂၆-ပါး။

**သာဓက –** ဆဗ္ဗိသတိ မဟဂ္ဂတလောကုတ္တရ ဇဝနေသု ယထာဘိနီဟာရဝသေန ယံကိဉ္စိ ဇဝနံ အပ္ပနာဝီထိ မောတရတိ။

**ဥပစာရသမာဓိဇောတုန်းက "စတုက္ခတ္တုံ တိက္ခတ္တုံ" ဟု အများကိုရှေ့၊ အနည်းကိုနောက် ထားပြီးလျှင် ဤအပ္ပနာဇောဝါရ၌ "စတုတ္ထံ ဝါ ပဉ္စမံ ဝါ" ဟု အနည်းကိုရှေ့၊ အများကိုနောက် ထားရပါသနည်း ဟူမူကား** -

**"ပရိကမ္မောပစာရာနုလောမဂေါတြဘု နာမေန"** -ဟု အမည်လေးမျိုး ပြခဲ့သည် အားလျော်စွာ ထိုအမည်လေးပါးလုံး အကြွင်းမရှိ၊ ရထိုက်သော ဇောဝါရကို ရှေးဦးစွာပြလိုသောကြောင့် စတုတ္ထံ-ဟု အများသင်္ချာကို ရှေ့ထား၍ တိက္ခတ္တုံ-ဟူသော အနည်းသင်္ချာကို နောက်ထားပါသည်။ အပ္ပနာဇော၌ကား ထိုကဲ့သို့ ပြဖွယ်မလို၊ ရှေ့က လေးကြိမ်စောလျှင် နောက်က အပ္ပနာဇော ၅-ကြိမ်မြောက်၊ ရှေ့က သုံးကြိမ်စောလျှင် နောက်က အပ္ပနာဇော ၄-ကြိမ်မြောက် ဖြစ်ဖို့ရာ လွန်စွာ ထင်ရှားသောကြောင့် ပဉ္စမံ ဝါ-ကို နောက်ထား၍ ပြပါသည်။

**ဆောင်။ ။** ပရိကမ္မ၊ စသည်လေးလီ၊ အမည်အားလုံး၊ သိမ်းကြုံး၍ရ၊ ဇောဝါရကို၊ ပြခဲ့လို၍၊
မိန့်ဆိုလေအပ်၊ စတုက္ခတ္တုံ၊ အစခြုံ၏။ တစ်ဖုံထိုနယ်၊ ပြဖွယ်ကင်းကွာ၊
သင်္ချာတွင်ထုံး၊ စဉ်တိုင်းသုံးသည်၊ အဆုံး ပဉ္စမံပေတည်း။

## ယထာရဟံ စတုတ္ထံ ပဉ္စမံဝါ၌– ယထာရဟံ အဓိပ္ပါယ်

မန္ဒပညာပုဂ္ဂိုလ်သန္တာန်၌ ဥပစာရသမာဓိဇော ၄-ကြိမ်စောပြီးနောက်၊ ၅-ကြိမ်မြောက်ဝယ် အပ္ပနာဇောစော၏၊ တိက္ခပညာပုဂ္ဂိုလ်သန္တာန်၌ ဥပစာရသမာဓိဇော ၃-ကြိမ်စောပြီးနောက် ၄-

ကြိမ်မြောက်ဝယ် အပ္ပနာဇောစော၍၊ ထိုသို့ ပုဂ္ဂိုလ်အလိုက် ထိုက်သည့်အားလျော်စွာ စောခြင်းကို "ယထာရဟံ" ဟု ခေါ်ဆို ခြင်း ဖြစ်ပါသည် ။

**ယထာဘိနီဟာရ အဓိပ္ပါယ်**

ရူပ၊ အရူပ လောကုတ္တရာ၊ မင်ဖိုလ်အားလျော်စွာ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ စိတ်ကို ရှေ့ရှုဆောင်ခြင်းသည် "ယထာဘိနီဟာရ" မည်ပါသည် ။

**အပ္ပနာဇဝနာဝသာနေ-ဟု ထပ်၍ ဆိုခြင်းအကြောင်း**

"တတော ပရံ ဘဝင်္ဂပါတော" ဟုသာဆိုက အပ္ပနာဇောနောင် ဘဝင်သာကျတော့၍၊ မဂ္ဂဝီထိ၌ မင်ဇောနောင် ဖိုလ်ဇောမကျချေ၊ ဈာနသမာပတ္တိဝီထိ၌ ဈာန်ဇောအကြိမ်ပေါင်းများစွာ မကျ၊ ဖလသမာပတ္တိဝီထိ၌လည်း ဖိုလ်စောများ အကြိမ်များစွာမကျဟု ယူဆဖွယ်ရှိသောကြောင့် အပ္ပနာဝသာနေ" ဟု ထပ်၍ ဆို ရခြင်းဖြစ်သည်။

**စာပိုင် (၂၂)ဖြင့် –** ဥပစာရသမာဓိ ခေါ် ကာမဇောနောင် အပ္ပနာဇောစောပုံကို ပြပါသည်။ ထိုတွင်

**တတ္ထ (ပ) ပါဋ္ဌိကဉ်ံတဗ္ဗာဖြင့် –**
သောမနဿ ကာမဇောနောင် သောမနဿ အပ္ပနာဇောစောပုံကို ပြပါသည်။

**ဥပေက္ခာသဟဂတဇဝနာနန္တရံ ဥပေက္ခာသဟဂတာဝ (ပါဋ္ဌိကဉ်ံတဗ္ဗာ) ဖြင့် –**
ဥပေက္ခာ ကာမဇောနောင် ဥပေက္ခာ အပ္ပနာဇောစောပုံကို ပြပါသည်။

**တတ္ထာပိ (ပ) ဖလတ္တယမပေ္ပတိ ဖြင့် –** မဟာကုသိုလ် ကာမဇောနောင် အပ္ပနာဇောစောပုံကို ပြပါသည်။

**ကိရိယဇဝနာနန္တရံ ကိရိယဇဝနံ အရဟတ္တဖလဉ္စာတိဖြင့် –**
မဟာကိရိယာ ကာမဇောနောင် အပ္ပနာဇောစောပုံကို ပြပါသည်။

အပ္ပနာဇောဝီထိ၌ ဥပစာရသမာဓိဇောခေါ် ကာမဇောနှင့် အပ္ပနာဇောများသည် သောမနဿသဟဂုတ်ချင်း, ဥပေက္ခာသဟဂုတ်ချင်း ရှေ့နောက်တူရမည်။
ဥပမာ - ပရိကံ ဥပစာ အနုလုံ ဂေါတြဘုဟူသော ဥပစာရသမာဓိဇောများသည် သောမနဿ ဖြစ်က ဈာန်မင်ဖိုလ်ဟူသော အပ္ပနာဇောများသည် သောမနဿဇော ဖြစ်ရမည်။ ဥပေက္ခာ ဖြစ်က ဥပေက္ခာသဟဂုတ်ဇောများ ဖြစ်ရမည်ဟု အရှင်အနုရုဒ္ဓါဆရာ သင်္ဂြိုဟ်၌ ပြဆိုပါသည်။

**မဟာကုသိုလ်, ကြိယာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၄-ပါးတွင် တစ်ပါးပါးသောဇော နောင်–** မဟဂ္ဂုတ်သောမနဿသဟဂုတ်ဇော ၈-ပါး၊ မဂ်, ဖိုလ် သောမနဿသဟဂုတ် ဇော ၃၂-ပါး ပေါင်း(၄၀)တွင် တစ်ပါးပါး စောနိုင်ပါသည်။

**မဟာကုသိုလ်, ကြိယာ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၄-ပါးတွင် တစ်ပါးပါးသော ဇောနောင် –** မဟဂ္ဂုတ် ဥပေက္ခာသဟဂုတ် ဇော ၁၀-ပါး၊ မဂ်, ဖိုလ် ဥပေက္ခာသဟဂုတ်ဇော ၈-ပါး ပေါင်း ၁၈-ပါးတွင် တစ်ပါးပါး စောနိုင်၏။

**မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော ၄-ပါးတွင် တစ်ပါးပါးနောင်–** မဟဂ္ဂုတ် လောကုတ္တရာ ကုသိုလ် ၂၉-ပါး၊ အရဟတ္တဖိုလ်ကြဉ် အောက်ဖိုလ်ဇော ၁၅-ပါး၊ ပေါင်း ၄၄-ပါးတွင် တစ်ပါးပါး စောနိုင်၏။

**မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၄-ပါးတွင် တစ်ပါးပါးနောင် –** မဟဂ္ဂုတ်ကြိယာဇော ၉-ပါး၊ အရဟတ္တဖိုလ် ၅-ပါး၊ ပေါင်း ၁၄-ပါးတွင် တစ်ပါးပါး စောနိုင်ပါသည်။
(ဝေဒနာချင်းကား ရှေ့နောက်တူရမည်။)

### သောမနဿဇောနောင် ဥပေက္ခာအပ္ပနာဇော မကျခြင်းအကြောင်း

သောမနဿဇောနှင့် ဥပေက္ခာဇောတို့သည် အချင်းချင်း အာသေဝနပစ္စည်း မတပ်သော ကြောင့် မကျခြင်းဖြစ်ပါသည်။

### ကုသိုလ်ဇောနောင် ကြိယာဇောများ မကျခြင်းအကြောင်း၊

ပြားသောသန္တာန်၌ဖြစ်သောကြောင့် ကုသိုလ်ဇောနောင် ကြိယာဇောများ မကျနိုင်ပါ ။

**ဒွတ္တိံသ သုခပုညမှာ (ပ) ဆသဋ္ဌောန္တိ ဥပေက္ခကာ ဂါထာဖြင့်–**
ဝေဒနာအလိုက် ကာမဇောနောင် အပ္ပနာဇောစောပုံကိုပြပါသည်။

**ပုထုဇ္ဇနာန သေက္ခာနံ (ပ) ဝီတရာဂါနမပ္ပနာ ဂါထာဖြင့်–**
ပုဂ္ဂိုလ်အလိုက် ကာမဇောနောင် အပ္ပနာဇောစောပုံကို ပြပါသည်။

### ဝေဒနာအလိုက် ကာမဇောနောင် အပ္ပနာဇောစောပုံ

**ဒွတ္တိံသ အရ (မဟာကုသောညာသံ ၂–နောင် စောနိုင်သောအပ္ပနာဇောများ)–**
ရူကုသော-၄၊ မဂ် သော-၁၆၊ အောက်ဖိုလ်-၃ခု၏ သော-၁၂၊ ပေါင်း (၃၂)ပါး။

**ဒွါဒသ အရ (မဟာကုဥညာသံ ၂–ခုနောင် စောနိုင်သောအပ္ပနာဇောများ)–**

မဟဂ္ဂုတ်ဥ-၅၊ မဂ် ဥ-၄၊ အောက်ဖိုလ်ဥ-၃ခု၊ ပေါင်း(၁၂)ပါး ၊

**အဠ အရ (မဟာကြိုသောဉာဉ်သံ ၂-နောင်စောနိုင်သောအပ္ပနာဇော) –**
ရူကြိုသော-၄၊ အရဟတ္တဖိုလ်သော-၄၊ ပေါင်း(၈)ပါး ။

**ဆ အရ (မဟာကြိုဥဉာဉ်သံ ၂-နောင် စောနိုင်သောအပ္ပနာ)-**
မဟဂ္ဂုတ်ကြိုဥ-၅၊ အရဟတ္တဖိုလ် ဥ-၁၊ ပေါင်း(၆)ပါး ၊

မဟဂ် ကုသိုလ်၊ အောက်မဂ်ဖိုလ်၊ ကောက်ဆို သောမနဿ ဒွတ္တိံသ။
မဟဂ် ကုသိုလ်၊ အောက်မဂ်ဖိုလ်၊ ကောက်ဆို ဥပေက္ခာ ဒွါဒသ။
မဟဂ် ကြိယံ၊ ဆုံးဖလံ၊ ကောက်ရန် သောမနဿ အဋ္ဌ။
မဟဂ် ကြိယံ၊ ဆုံးဖလံ၊ ကောက်ရန် ဥပေက္ခာ ဆ။
ဒွတ္တိံသ ဒွါဒသ ထိုနှစ်ဝ ပေါင်းက စတုစတ္တာ။
အဋ္ဌနှင့် ဆ၊ ထိုနှစ်ဝ၊ ပေါင်းက စုဒ္ဒသာ။

**ပုထုဇ္ဇနာန သေက္ခာနံ-၌ ပုထုဇ္ဇန-အရ**

ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်ပုထုဇဉ်တို့သန္တာန်၌ အပ္ပနာဇောများ မဖြစ်နိုင်သောကြောင့် တိဟိတ်ပုထုဇဉ်ကိုသာ ယူရမည်။(စာပိုဒ်-၄ဂထောက်)

**သေက္ခ-အရ**

မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက် သန္တာန်၌ ဆိုင်ရာ မဂ်ဇောတစ်ကြိမ်စီသာ စောကြသောကြောင့် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်ကို ရပါသည်။(စာပိုဒ်-၄၇ထောက်)

<u>**ပုဂ္ဂိုလ်အလိုက် ကာမဇောနောင် အပ္ပနာဇောစောပုံ**</u>

**တိဟိတ်ပုထုဇဉ်နှင့် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်(၃)ယောက် သန္တာန်၌ မဟာကု ဉာဉ်သံ(၄)ခုနောင်-**
မဟဂ္ဂုတ်ကုသိုလ်(၉)ပါး၊ လောကုတ္တရာကုသိုလ်(၂ဂ)ပါး၊ အောက်ဖိုလ်(၃)ခု၏ အပ္ပနာဇော (၁၅)ပါး ပေါင်း(၄၄)ပါးတို့တွင် တစ်ပါးပါးစောနိုင်ပါသည်။ **(စတုစတ္တာလီသ-အရ)**

**ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ မဟာကြိယာဉာဉ်သံ(၄)ခုနောင်-**
မဟဂ္ဂုတ်ကြိယာ(၉)ပါး၊ အရဟတ္တဖိုလ်(၅)ပါး ပေါင်း (၁၄)ပါး စောနိုင်ပါသည်။ **(စုဒ္ဒသ-အရ)**

<u>**တိဟိတ်ပုထုဇဉ်နှင့် အောက်ဖလဋ္ဌာန် ၃- ယောက်တို့သန္တာန်၌ စောနိုင်သော ဥပစာရသမာဓိဇောများ**</u>

အထက်ပါပုဂ္ဂိုလ်တို့သန္တာန်၌ တိဟိတ်ကာမစိတ်၄--ခုသာ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟုသောအမည်ဖြင့် ဥပစာရသမာဓိဇော စောနိုင်ပါသည် ။

(ပုထုဇ္ဇနာန သေက္ခာနံ၊ ကာမပုညတိဟေတုတော)။

**ရဟန္တာ သန္တာန်၌ စောနိုင်သော ဥပစာရသမာဓိဇော–**
တိဟိတ်ကြိယာဇော-၄ ခုသာ စောနိုင်၏။ ( တိဟေတု ကာမကြိယတော၊ ဝီတရာဂါနမပ္ပနာ ။)

**<u>ပုထုဇနာနသေက္ခာနံ ဂါထာ အကျယ်</u>**

**တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် သောမနဿ ဉာဏသမ္ပယုတ်ဇော ၂-ပါးနောင်=** မဟဂ္ဂုတ်ကုသိုလ် သောမနဿဇော-၄၊ သောတာပတ္တိမဂ် သောမနဿဇော-၄၊ ပေါင်း ၈-ပါး စောနိုင်ပါသည်။

**တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဥပေက္ခာ ဉာဏသမ္ပယုတ်ဇော ၂-ပါးနောင်=**
မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာဇော-၅၊ သောတာပတ္တိမဂ် ဥပေက္ခာဇော-၁၊ ပေါင်း ၆-ပါး စောနိုင်ပါသည်။

**သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄-ပါးနောင်=** မဟဂ္ဂုတ်ကုသိုလ်ဇော-၉၊ သောတာပတ္တိဖိုလ်ဇော-၅၊ သကဒါဂါမိမဂ်ဇော-၅၊ ပေါင်း ၁၉-ပါး၊ စောနိုင်ပါသည်။

**သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် သောမနဿ ဉာဏသမ္ပယုတ်ဇော–၂ ပါးနောင်=**
မဟဂ္ဂုတ် ကုသိုလ် သောမနဿဇော-၄၊ သောတာပတ္တိဖိုလ် သောမနဿဇော-၄၊ သကဒါဂါမိမဂ် သောမနဿဇော-၄၊ ပေါင်း ၁၂-ပါး၊ စောနိုင်ပါသည်။

**သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဥပေက္ခာ ဉာဏသမ္ပယုတ်ဇော ၂-ပါးနောင် =**
မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာဇော-၅၊ သောတာပတ္တိဖိုလ် ဥပေက္ခာဇော ၁-ပါး၊ သကဒါဂါမိမဂ် ဥပေက္ခာဇော ၁-ပါး၊ ပေါင်း ၇-ပါး စောနိုင်ပါသည်။

**သကဒါဂါမိပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄-ပါးနောင်=**
မဟဂ္ဂုတ်ကုသိုလ်ဇော-၉၊ သကဒါဂါမိဖိုလ်ဇော-၅၊ အနာဂါမိမဂ်ဇော-၅၊ ပေါင်း ၁၉ပါး စောနိုင်ပါသည်။

**သကဒါဂါမိပုဂ္ဂိုလ်၏ မဟာကုသိုလ် သောမနဿ ဉာဏသမ္ပယုတ်ဇော–၂ပါး နောင်=**
မဟဂ္ဂုတ်ကုသိုလ် သောမနဿဇော-၄၊ သကဒါဂါမိဖိုလ် သောမနဿဇော-၄၊ အနာဂါမိမဂ် သောမနဿဇော-၄၊ ပေါင်း ၁၂-ပါး စောနိုင်ပါသည်။

**သကဒါဂါမိပုဂ္ဂိုလ်၏ မဟာကုသိုလ် ဥပေက္ခာ ဉာဏသမ္ပယုတ်ဇော ၂-ပါး နောင် =**

မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာဇော-၅၊ သကဒါဂါမိဖိုလ် ဥပေက္ခာ ဇော-၁၊ အနာဂါမိမဂ် ဥပေက္ခာဇော- ၁၊ ပေါင်း ၇-ပါး စောနိုင်ပါသည်။

**အနာဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄-ပါးနောင်–**

မဟဂ္ဂုတ်ကုသိုလ်ဇော-၉၊ အနာဂါမိဖိုလ်ဇော-၅၊ အရဟတ္တမဂ်ဇော-၅ပါး ပေါင်း ၁၉-ပါး။

**အနာဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် သောမနဿ ဉာဏသမ္ပယုတ်ဇော ၂-ပါးနောင် =**

မဟဂ္ဂုတ်ကုသိုလ် သောမနဿဇော-၄၊ အနာဂါမိဖိုလ် သောမနဿဇော-၄၊ အရဟတ္တမဂ် သောမနဿဇော-၄၊ ပေါင်း ၁၂-ပါး စောနိုင်ပါသည်။

**အနာဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဥပေက္ခာ ဉာဏသမ္ပယုတ်ဇော ၂-ပါး နောင် =**

မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာဇော-၅၊ အနာဂါမိဖိုလ် ဥပေက္ခာဇော ၁-ပါး၊ အရဟတ္တမဂ် ဥပေက္ခာဇော ၁-ပါး၊ ပေါင်း ၇-ပါး စောနိုင်ပါသည်။

**ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၄-ပါးနောင် –**

မဟဂ္ဂုတ်ကြိယာဇော-၉၊ အရဟတ္တဖိုလ်ဇော-၅၊ ပေါင်း ၁၄-ပါး စောနိုင်ပါသည်။

**ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာ သောမနဿ ဉာဏသမ္ပယုတ်ဇော ၂-ပါး နောင် =**

မဟဂ္ဂုတ်ကြိယာ သောမနဿဇော ၄-ပါး၊ အရဟတ္တဖိုလ် သောမနဿဇော ၄-ပါး၊ ပေါင်း ၈-ပါး စောနိုင်ပါသည်။

**ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာ ဥပေက္ခာ ဉာဏသမ္ပယုတ်ဇော ၂-ပါး နောင် =**

မဟဂ္ဂုတ်ကြိယာ ဥပေက္ခာဇော ၅-ပါး၊ အရဟတ္တဖိုလ် ဥပေက္ခာဇော ၁-ပါး၊ ပေါင်း ၆-ပါး စောနိုင်ပါသည်။

## တဒါရမ္မဏနိယမ

မည်သည့်ဇောနောင် မည်သည့်တဒါရုံဖြစ်၏-ဟု တဒါရုံကို ပိုင်းခြားမှတ်သားရာ အခန်းသည် **"တဒါရမ္မဏနိယမ"** မည်၏။

**မှတ်ချက်။ ။** တဒါရမ္မဏနိယမဟုဆိုထားခြင်းသည် ပဓာနနည်းအားဖြင့်ဆိုထားခြင်းဖြစ်၍ ပဋိစ္စဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏတို့ကိုလည်း သတ်မှတ်ပြမည်ဟုသိပါ။

**သဗ္ဗတ္ထာပိ (ပ) တဒါရမ္မဏာနိ(၂၅-၂၆-၂၇ စာပိုဒ်)တို့ဖြင့် –** ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့သန္တာန်၌ တဒါရုံဖြစ်ပုံကို ၊ တစ်နည်း- ဝိပါက်အမှန် ဇောအပြန်ဖြစ်ပုံကို ပြပါသည်။ ထိုတွင်

**စာပိုဒ် ၂၅ ဖြင့် –** အနိဋ္ဌာရုံ၌ (ပဉ္စဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ) တဒါရုံဖြစ်ပုံကို ပြပါသည်။
**စာပိုဒ် ၂၆ ဖြင့် –** ဣဋ္ဌာရုံ၌ (ပဉ္စဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ) တဒါရုံဖြစ်ပုံကို ပြပါသည်။
**စာပိုဒ် ၂၇ ဖြင့် –** အတိဣဋ္ဌာရုံ၌ (ပဉ္စဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ) တဒါရုံဖြစ်ပုံကို ပြပါသည်။

အလိုမရှိအပ်သော အသေကောင်ပုပ်၊ ကျင်ကြီး ကျင်ငယ် စသော မကောင်းသော အာရုံများကို **"အနိဋ္ဌာရုံ"** ဟု ခေါ်ပါသည်။

ထိုအနိဋ္ဌာရုံများကို ကျီး, လင်းတ, ခွေးစသော သတ္တဝါတို့က အလိုရှိနေကြပါသည်။ သို့သော်လည်း ရှေးအကုသိုလ်ကံကြောင့် တွေ့ရသော အနိဋ္ဌာရုံများပင်တည်း။

**ထိုအနိဋ္ဌာရုံနှင့် တွေ့သည့်အခါ–**

အကုသလဝိပါက် ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ ဥပေက္ခာ သန္တီရဏ၊ (အကုသလဝိပါက် ဥပေက္ခာ သန္တီရဏ) တဒါရုံ (၁) ပါးတို့ ဖြစ်ကြသည်။

ဣဋ္ဌာရုံသည် သာမန်အလိုရှိအပ်သော ဣဋ္ဌမဇ္ဈတ္တာရုံ, အလွန်အလိုရှိအပ်သော အတိဣဋ္ဌာရုံ ဟု နှစ်မျိုးရှိပါသည်။

ထိုတွင် အလယ်အလတ်စားဖြစ်သော သာမန်လောက်သာ လှပသော အဆင်း, သာမန်လောက်သာ ကောင်းသော အသံ စသည်များသည် **"ဣဋ္ဌမဇ္ဈတ္တာရုံ"** ဖြစ်ပါသည်။

**ထိုဣဋ္ဌမဇ္ဈတ္တာရုံကို ရှေးကုသိုလ်ကံကြောင့်သာ တွေ့ကြရသည်ဖြစ်၍ ထိုဣဋ္ဌာရုံနှင့် တွေ့သည့်အခါ–**

အဟိတ်ကုသလဝိပါက် ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ ဥပေက္ခာ သန္တီရဏ၊ (အဟိတ် ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ ၁ ပါး + မဟာဝိပါက် ဥပေက္ခာ ၄ ပါး ဟူသော) ဥပေက္ခာ တဒါရုံ (၅) ပါး တို့ ဖြစ်ကြသည်။

ဘုရား,တရား, သံဃာစသော အာရုံ၊ အလွန်ကောင်းသော အဆင်း, အသံစသည်ကို **"အတိဣဋ္ဌာရုံ"** ဟု ခေါ်ပါသည်။

**ထိုအတိဣဋ္ဌာရုံနှင့် တွေ့ကြုံသည့်အခါ–**

အဟိတ်ကုသလဝိပါက် ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သောမနဿ သန္တီရဏ၊ (အဟိတ် ကုသလဝိပါက် သောမနဿ သန္တီရဏ - ၁ ပါး၊ မဟာဝိပါက် သောမနဿ ၄ ပါး ဟူသော) သောမနဿ တဒါရုံ ၅ ပါးတို့ ဖြစ်ကြပါသည်။

## <u>ဝိပါက်အမှန် ဇောအပြန် အစိပ္ပါယ်</u>

ဝိပါက်စိတ်များ၌ အာရုံအားလျော်စွာ သောမနဿ ဥပေက္ခာဝေဒနာယှဉ်မှု မြဲသည်ကို **“ဝိပါက်အမှန် ”**ဟု ဆိုပါသည်။
ကုသိုလ် အကုသိုလ်ဇောများကား အာရုံအားလျော်စွာ ဝေဒနာယှဉ်မှု မမြဲသည်ကို **“ဇောအပြန်”** ဟု ဆိုပါသည်။

ထိုစကားကို ချဲ့ဦးအံ့- သဘာဝဣဋ္ဌာရုံ အတိဣဋ္ဌာရုံများကို ရှေးကုသိုလ်ကံကြောင့်သာ တွေ့ကြုံရသောကြောင့် သဘာဝဣဋ္ဌာရုံနှင့် တွေ့ကြုံသောအခါ ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏတဒါရုံများဖြစ်၍ သဘာဝအတိဣဋ္ဌာရုံနှင့် တွေ့ကြုံသောအခါ ကုသလဝိပါက် သောမနဿသန္တီရဏ တဒါရုံများ ဖြစ်ကြပါသည်။ သဘာဝအနိဋ္ဌာရုံနှင့် တွေ့ကြုံသော အခါ၌သာ အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏ တဒါရုံများ ဖြစ်ကြသည်။ ပဋ္ဌိဝိညာဉ်နှင့် သမ္ပဋိစ္ဆိုင်းတို့မှာ ဝေဒနာအားဖြင့် အကွဲအပြား မရှိ။ ဤသို့ ဝိပါက်စိတ်များ၌ အာရုံအလိုက် ဝေဒနာယှဉ် မှန်ကြောင်းကို ရည်သန်၍ **“ဝိပါက်အမှန်”** ဟု ပြောကြပါသည်။ **စာပိုဒ် ၂၅/၂၆/၂၇။**

စိတ်ဖောက်ပြန်မှု စသော ဝိပလ္လာသ မကင်းကြသော ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်လေ့ရှိသော ကုသိုလ်, အကုသိုလ်ဇောများသည် တစ်ရံတစ်ခါ အာရုံအားလျော်စွာ အတိဣဋ္ဌာရုံ၌ သောမနဿဇော၊ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာဇော၊ အနိဋ္ဌာရုံ၌ ဒေါသဇော စောလေ့ရှိပါသည်။ ထိုဝိပလ္လာသတို့အတွက်ကြောင့်သော်၎င်း၊ အနိဋ္ဌာရုံကို ခင်မင်နှစ်သက်ဖို့ရာ အကုသိုလ်ကံ ပါလာသောကြောင့်၎င်း ဘုရားစသော အတိဣဋ္ဌာရုံ၌ တိတ္ထိတို့မှာ ဒေါသဇော စောကြလေသည်။ မစင်, ခွေးကောင်ပုပ်စသော အနိဋ္ဌာရုံ၌ ကျီး, လင်းတတို့မှာ သောမနဿ ဇော စောကြ၏။ ထိုဘုရား စသော အတိဣဋ္ဌာရုံနှင့် အနိဋ္ဌာရုံတို့၌ပင် အချို့ စိတ်ဖောက်ပြန်နေသော အရူးစသူတို့မှာ ဥပေက္ခာဇော စောကြလေသည်။ ဤသို့ ကုသိုလ်, အကုသိုလ်ဇောတို့၏ အာရုံသဘောကို အခါခပ်သိမ်း မလိုက်လျောဘဲ ဝေဒနာယှဉ်ပုံ ဗလောင်းဗလဲဖြစ်နေဟန်ကို **“ဇောအပြန်”** ဟုဆိုရပါသည်။

**ဆောင်။ ။** ဣဋ္ဌာနိဋ္ဌ၊ တိဣဋ္ဌတို့၊ တွေ့ရသောခါ၊ ဝေဒနာကား၊ ဝိပါကတုံ၊ အာရုံသဘော၊ မြဲလိုက်လျောလည်း၊ ဇောစောချိန်ကျ၊ ထိုခဏမှ၊ မုချဆက်ဆက်၊ မှန်မထွက်၍၊ ဝိပါက်အမှန်၊ ဇောအပြန်သည်၊ ကျမ်းဂန်မိန့်ခွန်း အစဉ်တည်း။

**ဘုရားအစရှိသော အတိဣဋ္ဌာရုံ၌ ဥပေက္ခာဇော စောသောပုဂ္ဂိုလ်** –သဒ္ဓါတရား မရှိသူ ဖြစ်ပါသည်။
**ဒေါသဇော စောသောပုဂ္ဂိုလ် –** တိတ္ထိပုဂ္ဂိုလ် စသည်တို့ဖြစ်ပါသည်။

**ဣဋ္ဌေ ကုသလ ဝိပါကာနိ – ၌ ဣဋ္ဌ–အရ ၊ ကုသလ ဝိပါက် သန္တီရဏ, တဒါရုံ တို့ အရ အကြောင်းပြ ဖော်ပြပါ။**

ဣဋ္ဌ- အရ အတိဣဋ္ဌေ ပန စသည်ဖြင့် အတိဣဋ္ဌာရုံကို သီးခြားဆိုလတ္တံ့ဖြစ်သောကြောင့် ဣဋ္ဌမဇ္ဈတ္တာရုံကို ယူရပါသည်။

အတိဣဋ္ဌာရုံ၌ သောမနဿသန္တီရဏ တဒါရုံတို့ကို ဆိုလတ္တံ့ ဖြစ်သောကြောင့် ဤ၌ ဥပေက္ခာ သဟဂုတ် သန္တီရဏ တဒါရုံ ကုသလဝိပါက်တို့ကို ယူရပါသည်။

**လေးဆူစာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို မျက်ဝါးထင်ထင် ဖူးမြင်ရသော ဗုဒ္ဓဘာသာဝင် တစ်ဦး၏သန္တာန်၌ ဖြစ်ပေါ် နေသော စိတ်အစဉ်ကို အတိမဟန္တာရုံဝီထိအမြင်ဖြင့် တင်ပြပါ။**

လေး ဆူစာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို မျက်ဝါးထင်ထင် ဖူးမြင်ရသော ဗုဒ္ဓဘာသာဝင် တစ်ဦး၏သန္တာန်၌ အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ကုသလဝိပါက် စက္ခုဝိညာဏ်၊ ကုသလဝိပါက်သမ္ပဋိစ္ဆိုင်း၊ ကုသလဝိပါက်သန္တီရဏ၊ ဝုဋ္ဌော၊ သောမနဿကုသိုလ်ဇော(၇)ကြိမ်၊ ကုသလဝိပါက် တဒါရုံနှစ်ကြိမ်ဖြစ်ပြီးနောက် ဘဝင်ဖြစ် ထိုက်သမျှ ဖြစ်ပါသည်။

**လှပသော ပန်းလေးတစ်ပွင့်ကို မြင်တွေ့ရခိုက် စိတ်အစဉ် ဖြစ်ပုံကို အတိမဟန္တာရုံဝီထိ အမြင်ဖြင့် တင်ပြပါ။**

လှပသော ပန်းလေးတစ်ပွင့်ကို မြင်တွေ့ရခိုက် အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ကုသလဝိပါက်စက္ခုဝိညာဏ်၊ ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း၊ ကုသလဝိပါက် သန္တီရဏ၊ ဝုဋ္ဌော၊ သောမနဿဇော(၇)ကြိမ်၊ ကုသလဝိပါက် တဒါရုံ နှစ်ကြိမ် ဖြစ်ပြီး နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်ပါသည်။

**တတ္ထာပိ (ပ) ဟောန္တိ ဖြင့် –** ဘုရား ရဟန္တာတို့သန္တာန်၌ ဇောနောင် တဒါရုံဖြစ်ပုံ၊ တစ်နည်း- ရဟန္တာတို့၏ သန္တာန်၌ ဝိပါက်လည်း အမှန်, ဇောလည်း အမှန်ဖြစ်ပုံကို ပြပါသည်။

ကြိယာဇောတို့မည်သည် ရဟန္တာသန္တာန်၌သာဖြစ်ရကား အာရုံအားလျော်စွာ အတိဣဋ္ဌာရုံနှင့် တွေ့ကြုံလျှင် သောမနဿဇော စော၍ ဣဋ္ဌမဇ္ဈတ္တာရုံ, အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံလျှင် ဥပေက္ခာ သဟဂုတ်ဇောများ စောကြသည်။ ထိုသို့စောသောကြောင့် -

**သောမနဿကြိယာဇောနောင် –** သောမနဿ တဒါရုံ မဟာဝိပါက် ၄-ပါး၊ သောမနဿ သန္တီရဏ ၁-ပါး၊ ပေါင်း တဒါရုံ ၅-ပါးတွင် တစ်ပါးပါး ဖြစ်ပါသည်။

**ဥပေက္ခာကြိယာဇောနောင် –** ဥပေက္ခာတဒါရုံ မဟာဝိပါက် ၄-ပါး၊ သန္တီရဏ ၂-ပါး၊ ပေါင်း ၆-ပါးတို့တွင် တစ်ပါးပါး ဖြစ်ပါသည်။

**ဝိပါက်လည်းအမှန်၊ ဇောလည်းအမှန်ဖြစ်ပုံ**

**“သောမနဿသဟဂတ ကြိယာဇဝနဝသာနေ (ပ) ဘဝင်္ဂ”** ဟူသော သင်္ဂြိုဟ်ပါဠိအရ ကြိယာဇောတို့မည်သည် ဝိပလ္လာသကင်းပြီးသော ရဟန္တာသန္တာန်၌သာ ဖြစ်လေ့ရှိသောကြောင့် ဝိပါက်များကဲ့သို့ အာရုံအားလျော်စွာ အတိဋ္ဌာရုံနှင့် တွေ့ကြုံလျှင် သောမနဿ ကြိယာဇော စော၍ ထိုသောမနဿကြိယာဇောနောင် သောမနဿတဒါရုံ ကျပါသည်။ ဣဋ္ဌမဇ္ဈတ္တာရုံ, အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံလျှင် ဥပေက္ခာသဟဂုတ်ကြိယာဇော စော၍ ထိုဥပေက္ခာ ကြိယာဇောနောင် ဥပေက္ခာတဒါရုံ ကျပါသည်။ ဤသို့ ကြိယာဇောများလည်း ဝိပါက်ကဲ့သို့ အာရုံအားလျော်စွာ ဝေဒနာ ယှဉ်မှု မှန်ကန်သောကြောင့် **“ဝိပါက်လည်း အမှန်၊ ဇောလည်း အမှန်”**ဟု ပြောဆိုကြပါသည်။

**ဒေါမနဿ ( ပ ) ဘဝင်္ဂ ဖြင့်–** ဒေါသဇောနောင် ဥပေက္ခာ တဒါရုံ ဘဝင်သာ ဖြစ်ပုံကို ပြပါသည်။

သောမနဿဝေဒနာနှင့် ဒေါမနဿဝေဒနာသည် လွန်စွာဆန့်ကျင်ဘက် ဖြစ်၏။ အချင်းချင်း ရှေ့သွားနောက်လိုက် မဖြစ်နိုင်။ ထို့ကြောင့် ဒေါမနဿဇော၏အဆုံး၌ တဒါရုံဖြစ်ခွင့် ကြုံလျှင် ဥပေက္ခာသဟဂုတ် တဒါရုံသာ ဖြစ်ရမည်။ တဒါရုံဖြစ်ခွင့် မကြုံ၍ ဇောနောင် ဘဝင်ကျ လျှင်လည်း ဥပေက္ခာသဟဂုတ်ဘဝင်သာ ကျရမည်။

**ဇောနောင် တဒါရုံဖြစ်ပုံ ဆောင်ပုဒ်**

ဤဝယ်သနစ်၊ အရင်းစစ်က၊ ဥပေက်ကြိယာ၊ ဒေါသာခြောက်နောက်၊ တဒါခြောက်တည်း။
ကြိ-နောက်ငါး၊ ကြွင်းငြားဆယ့်ရှစ်၊ ဇောနောင်ဖြစ်သည်၊ ဆယ့်တစ်တဒါရုံ-အပေါင်းတည်း။

**“ဤဝယ်သနစ် အရင်းစစ်” ဆိုသည်ကား–** ဤအရာဝယ် ထိုထိုဇောနောင် တဒါရုံတို့ကို စနစ်ကျကျ အရင်းကစလျှက် စိစစ်ရေတွက် သည်ရှိသော် -

**“ဥပေက်ကြိယာ ဒေါသာခြောက်နောက် တဒါခြောက်တည်း” – အရ** မဟာကြိယာဥပေက္ခာဇော ၄-ပါး၊ ဒေါသဇော ၂-ပါး၊ ၎င်းဇော ၆-ပါးနောက်၌ မဟာဝိပါက် ဥပေက္ခာ ၄-ပါး၊ ဥပေက္ခာသန္တီရဏ ၂-ပါး ပေါင်း ဥပေက္ခာတဒါရုံ ၆-ပါး ဖြစ်နိုင်ပါသည်။

**“ကြိယာနောက်ငါး” အရ –** မဟာကြိယာသောမနဿသဟဂုတ်ဇော ၄-ပါး၊ ဟသိတုပ္ပါဒ် ဇော ၁-ပါး၊ ဤ ၅-ပါးနောင် မဟာဝိပါက်သောမနဿ ၄-ပါး၊ သောမနဿသန္တီရဏ ၁-ပါး၊ ပေါင်း ၅-ပါး ဖြစ်နိုင်ပါသည်။

**“ကြွင်းငြားဆယ့်ရှစ် ဇောနောင်ဖြစ်သည် ဆယ့်တစ်တဒါရုံ အပေါင်းတည်း” အရ–** ကြွင်းသော

အကုသိုလ်ဇော ၁၀-ပါး၊ မဟာကုသိုလ်ဇော ၈-ပါး နောင် တဒါရုံ ၁၁-ပါးလုံး ဖြစ်နိုင်ပါသည်။

**တသ္မာ ယဒိ ( ပ) အာစရိယာ ဖြင့်–** အာဂန္တုက ဘဝင်စိတ်ဖြစ်ပုံကို ပြပါသည်။

**အာဂန္တုကဘဝင်ဝီထိ**

သောမနဿသဟဂုတ်စိတ်နှင့် ပဋိသန္ဓေနေခဲ့သူမှာ ပဝတ္တိအခါ အမြဲဖြစ်နေသော ဘဝင်လည်း သောမနဿသဟဂုတ်ချည်းသာ ဖြစ်ရိုးရှိပါသည်။ ထို့ကြောင့် သောမနဿနှင့် ပဋိသန္ဓေနေခဲ့သူ၏ သန္တာန်၌ ဒေါသဇောအဆုံးဝယ် တဒါရုံ ဖြစ်ခွင့်မရလျှင် ဘဝင်ကျရ လိမ့်မည်။ ထိုဘဝင်သည် သောမနဿဘဝင် ဖြစ်အံ့၊ ဒေါသဇောနှင့် ဆန့်ကျင်နေ၏။ ဥပေက္ခာ ဘဝင်ဖြစ်အံ့၊ မူလပဋိသန္ဓေနှင့် မသင့်လျော်ချေ။ ဤသို့ တဒါရုံလည်း ဖြစ်ခွင့်မရ၊ ဘဝင်လည်း မကျ သာဘဲ အခက်အခဲကြုံနေတဲ့အခါဝယ် ရှေ့က ဒေါသဇောနှင့်လည်း သင့်လျော် နောက် သောမနဿ ဘဝင်နှင့်လည်း သင့်လျော်သော **ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်**က အာဂန္တုက ဘဝင်ကိစ္စ တပ်လျက် ဖြစ်လာရသည် ဟု ရှေးဆရာတို့ ဆိုကြသည်။

ထို အာဂန္တုကဖြစ်သော သန္တီရဏစိတ်သည် ယခု ဒေါသဇောကျသောဝီထိ၏ အာရုံကို အာရုံမပြုနိုင်၊ ရှေးအလေ့အကျက်များသော ကာမအာရုံ တစ်ပါးပါးကိုသာ အာရုံပြုပါသည်။ ဥပမာ - ရုပါရုံပေါ်၌ အလေ့အလာဝါသနာများလျှင် ရုပါရုံကို အာရုံပြုမည်-စသည်ဖြင့် သိပါ။

ထိုအာရုံများသည် အနိဋ္ဌာရုံဖြစ်အံ့- အကုသလဝိပါက် သန္တီရဏသာ ဖြစ်ခွင့်ရှိပါသည်။ ဣဋ္ဌမဇ္ဈတ္တာရုံ, အတိဣဋ္ဌာရုံ ဖြစ်အံ့- ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်သာ ဖြစ်ခွင့် ရှိပါသည်။ ထိုဥပေက္ခာသန္တီရဏစိတ်၏ အခြားမဲ့၌သာ ရိုးရာကျမြဲဖြစ်သော သောမနဿဘဝင် ကျခွင့်ရပါသည်။

**တဒါရုံ မကျမူ၍ အာဂန္တုကဘဝင်ကျသော ဝီထိဖြစ်ဟန်ကား–**

အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဒေါသဇော ၇-ကြိမ်၊ အာဂန္တုကဘဝင် ၁-ကြိမ်၊ မူလဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။

**အာဂန္တုက ဘဝင်စိတ်ခေါ်ပုံ**

ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အာဂန္တုက ဘဝင်ကိစ္စတပ်လျက် ယွန်မှ လတ်တ လော ဖြစ်လာရသောကြောင့် အာဂန္တုက ဘဝင်စိတ်ဟုခေါ်ပါသည်။

**သောမနဿနှင့် ပဋိသန္ဓေနေခဲ့သောပုဂ္ဂိုလ်၏ ဒေါသဇောနောင် (က) ဖြစ်ထိုက်သောစိတ် (ခ) ထိုစိတ်အမည် (ဂ) ထိုစိတ်ဖြစ်ရာအခါ (ဃ) ထိုစိတ်၏အာရုံ (င) ထိုစိတ်၏ကိစ္စတို့ကို ရေးခဲ့ပါ။**

သောမနဿနှင့် ပဋိသန္ဓေနေခဲ့သောပုဂ္ဂိုလ်၏ ဒေါသဇောနောင်
(က) ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်၊
(ခ) အာဂန္တုကဘဝင်စိတ်၊
(ဂ) တဒါရုံလည်း ဖြစ်ခွင့်မရ၊ ဘဝင်လည်း မကျသာဘဲ အခက်ခဲကြုံရာအခါ၊
(ဃ) ရှေ့က အလေ့အကျက်များသော ကာမအာရုံတစ်ပါးပါး၊
(င) အာဂန္တုကဘဝင်ကိစ္စ။

**သောမနဿနှင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်၏ ဒေါသဇောနောင် သောမနဿ၊ ဥပေက္ခာ ဘဝင်များ ကျနိုင် မကျနိုင် စီစစ်ပြခဲ့ပါ။**

မူလပဋိသန္ဓေအားလျော်စွာ သောမနဿဘွင် ကျသင့်သော်လည်း မကျ နိုင်ပါ။
အကြောင်းကား - ဒေါသဇောနှင့် သောမနဿ ဘဝင်မှာ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ဖြစ်ပါသည်။
ဒေါသဇော အားလျော်စွာ ဥပေက္ခာဘဝင်လည်း မကျနိုင်ပါ။
အကြောင်းကား = မူလပဋိသန္ဓေနှင့် မလျော်သောကြောင့် ဖြစ်ပါသည်။

**<u>အာဂန္တုကဘဝင်ကျကြောင်း သုံးပါး</u>**
၁။ သောမနဿနှင့် ပဋိသန္ဓေနေခြင်း၊
၂။ ဒေါသဇော၏အဆုံး၌ ဖြစ်ခြင်း၊
၃။ တဒါရုံတို့ဖြစ်ခြင်း မရှိခြင်း ဖြစ်ပါသည်။
**သာဓက =** တသ္မာ ယဒိ - ပ - တဒါရမ္မဏ သမ္ဘဝေါ နတ္ထိ။

**အဘယ်ကြောင့် အာဝဇ္ဇန်းကင်း၍ ဖြစ်သောစိတ်မည်ပါသနည်း။**

အာဂန္တုကဘဝင်ကျသော ဝီထိများ၌ အာဂန္တုက ဘဝင်စိတ်သည် အာဝဇ္ဇန်းစိတ်က ဆင်ခြင်ပေးလိုက်သောအာရုံကို အာရုံမပြုဘဲ မိမိဘာသာ သီးခြား အာရုံကိုယူ၍ အာရုံပြုသော စိတ်ကို ခေါ်ပါသည်။

**<u>အာဝဇ္ဇန်းကင်း၍ ဖြစ်သောစိတ်များ</u>**
အာဂန္တုကဘဝင် ၆-ပါး (ဥပေက္ခာ တဒါရုံ ၆-ပါး)
သောတာပတ္တိမဂ္ဂဝီထိ၌ ဂေါတြဘူ
အထက်မဂ္ဂဝီထိ၌ ဝေါဒါန်
ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဇောများ
နိရောဓသမာပတ္တိဝီထိ၌ အနာဂါမိဖိုလ်ဇော အရဟတ္တဖိုလ်တို့ ဖြစ်ပါသည်။

**နိယံ။ ။** အာဂန္တုကဘဝင်ဆနှင့်၊ မဂ္ဂဝီထိ- ဂေါ , ဝေါ သိလော၊

နောက်ရှိဖလ နိရောခွဲ့ စောထဖိုလ်ဇော ဓာတ်သဘောကို
မနောမိုလျှန်း အာဝဇ္ဇန်းမှ ကင်းလွတ်ရသည် မှတ်ရလွယ်ဖို့ ကဗျာတည်း။

**တစ်ဘဝ၌ တူမြဲတရားသုံးပါးကို မုချ မမှတ်သင့်ပုံပြပါဦး**
တသ္မာ ယဒိ ( ပ ) တဒါရမ္မဏာသမ္ဘဝေါ နတ္ထိ။

**တဒါရုံ အတုဖြစ်ပုံပြပါဦး**
ဒေါမနဿ ( ပ ) အာစရိယာ။

**တဒါရုံ မကျနိုင်သော ကာမ သတ္တဝါပြ ပါဦး**
တသ္မာ ယဒိ ( ပ ) တဒါရမ္မဏာသမ္ဘဝေါ နတ္ထိ။

**စာပိုဒ် ( ၂၉ ) ဖြင့် –** တဒါရုံ အင်္ဂါ (၃) ပါးကို ပြပါသည်။

**တဒါရုံ အင်္ဂါ ( ၃ ) ပါး**
၁။ ကာမဇော၏ အဆုံး၌ ဖြစ်ရခြင်း၊
၂။ ကာမသတ္တဝါ ဖြစ်ခြင်း၊
၃။ ဝိဘူတာရုံ, အတိမဟန္တာရုံ ဟူသော ကာမအာရုံဖြစ်ခြင်း။

**အာရမ္မဏဘူတေသု တဒါရမ္မဏံ ဣစ္ဆန္တိ ၌ အာရမ္မဏ အရ–**
ဝိဘူတာရုံ, အတိမဟန္တာရုံတို့ကို ယူရပါမည်။
**သာဓက –** ဝိဘူတေ တိမဟန္တေ စ တဒါရမ္မဏ မီရိတံ။

**တဒါရုံကျသော ကာမသတ္တဝါပြ ပါဦး**
တထာ ( ပ ) ဣစ္ဆန္တိ။

<u>**ပုဂ္ဂိုလ်အလိုက် တဒါရုံကျပုံအကျယ်**</u>

(က) ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်အား အဟိတ်သန္တီရဏ တဒါရုံ ၃-ပါးကျနိုင်ပါသည်။
(ခ) ဒွိဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ် ပုဂ္ဂိုလ်တို့အား အဟိတ်သန္တီရဏ-၃၊ မဟာဝိပါက် ဉာဏ ဝိပ္ပယုတ် တဒါရုံ- ၄ ပါး၊ ပေါင်း တဒါရုံ-၇ ပါးကျနိုင်ပါသည်။
(ဂ) တိဟိတ်ပုထုဇဉ်နှင့် ဖလဋ္ဌာန်ပုဂ္ဂိုလ် ပုဂ္ဂိုလ်အား တဒါရုံ ၁၁-ပါးလုံး ကျနိုင်သည်။

**ဆောင် ။ ။** အဟိတ်တဒါ၊ သုံးပါးမှာ၊ ဒုသာ အမုန်ဖြစ်။
သုံးပါးအဟိတ်၊ ဉာဏ်ဝိပ်လေးဖြာ၊ ဒွိမှာ သုဋ္ဌဖြစ်။

ဇကာဒသံ၊ တိဖလံ၊ ငါးတန်သူတို့ဖြစ်။ (မစိုးရိမ် ဋီကာကျော် အဖြေ)

**ကာမေ ဇဝန သတ္တာလမ္ဗဏာနံ စသော ဂါထာသည် –** တဒါရုံအင်္ဂါကို ပြသော ဂါထာဖြစ်ပါသည်။

**တဒါရုံ ကျနိုင်သော ဝီထိ (၂)ဝီထိ။ ။** အတိမဟန္တာရုံဝီထိ၊ ဝိဘူတာရုံဝီထိ။
**တဒါရုံမကျနိုင်သော ဝီထိ(၄) ဝီထိ။ ။** မဟန္တာရုံဝီထိ၊ ပရိတ္တာရုံဝီထိ၊ အတိပရိတ္တာရုံဝီထိ၊
အဝိဘူတာရုံ ဝီထိတို့ဖြစ်သည်။
ဝိဘူတေတိမဟန္တေ စ တဒါရမ္မဏမီရိတံ-ကို ထောက်။

## ဇဝန နိယမ

ဇောတို့ကို ပိုင်းခြားသတ်မှတ်ပြသော အခန်းကို **"ဇဝနနိယမ"** ဟုခေါ်ပါသည်။

**စာပိုဒ် ၃၁/ ၃၂/ ၃၃ တို့ဖြင့် –** ကာမဇောစောပုံကို ပြပါသည်။ ထိုတွင်
**စာပိုဒ် ၃၁ ဖြင့် –** ပကတိကာလ(ပုံမှန်အချိန်အခါ) ၌ ကာမဇော စောပုံကို ပြပါသည်။
**စာပိုဒ် ၃၁/၃၂ တို့ဖြင့် –** ဝိကတိကာလ (ပုံမှန် ရိုးရာမဟုတ်ရာ)၌ ကာမဇောစောပုံကို ပြပါသည်။

### ကာမဇောစောပုံ

ကာမဇောတို့သည် ပကတိအခါ၌ ၇-ကြိမ်ဖြစ်စေ၊ ၆-ကြိမ်ဖြစ်စေ စောနိုင်ပါသည်။
စုတေခါနီးအခါ စသည်တို့၌ ၅-ကြိမ်သာ စောပါသည်။
မြတ်စွာဘုရား၏ ရေမီးအစုံအစုံသော တန်ခိုးပြာဋိဟာကို ပြရာအခါ စသည်တို့၌ ပစ္စဝေက္ခဏာဇော ၄-ကြိမ်ဖြစ်စေ, ၅-ကြိမ်ဖြစ်စေ စောနိုင်ပါသည်။

### သတ္တက္ခတ္တုံ ဆက္ခတ္တုမေဝ ဝါ – ၌ ဧဝသဒ္ဒါအဓိပ္ပါယ်

ကာမဇောတို့သည် ပကတိအခါ၌ ၇-ကြိမ်ထက် ပို၍ မစောရ။ ၆-ကြိမ်ထက် လျော့ ၍လည်း မစောရဟု သိစေပါသည်။

**မရဏာသန္နဇော (၅)ကြိမ် စောပုံပြ ပါဠိ** စာပိုဒ် -၃၂

**မရဏာဒီသု၌ အာဒိအရ –**

တွေဝေမိန်းမော မျောနေရာ - မုစ္ဆာကာလ၊ သတိကင်း၍ မေ့နေရာ- ဝိသညီဘူတကာလ၊ မွေးခါစဖြစ်သော အတိတရုဏ ကာလ စသည်တို့ကိုယူရပါမည် ။
**နိယံ။ ။** မရဏကာလာ အာဒိသဒ္ဒါဖြင့် မုစ္ဆာကာလ တစ်ခုမျှသာ ယူဖို့ရာ ဋီကာဖွင့်ပြသည်။
ဝိသညီဘူတ တစ်ဝဆက်မှု အတိတရုဏ အစဖြာထည့်ကာ ယူကြသည်။

## မနဒွါရဝီထိအဓိပ္ပါယ်

သေခါနီးအခါ၊ ဒုက္ခဝေဒနာနှိပ်စက်၍ မျောနေရာအခါ၊ သတိလစ်၍ မေ့နေသော ဝိသညီဘူတအခါ၊ အမိဝမ်းတွင်း၌ ပဋိသန္ဓေနေသော အခါ၊ အမိဝမ်းမှ ဖွားစအခါတို့သည် မန္ဒပ္ပဝတ္တိ အခါများ ဖြစ်ပါသည် ။

## သေခါနီးကာလ၌ ဇော – ၅ ကြိမ်သာ စောရခြင်းအကြောင်း

မှီရာ ဟဒယဝတ္ထုရုပ် အားနည်းသည့်အတွက် မှီတတ်သော ဇောများလည်း နုံ့နှေးသော အဟုန် ရှိသောကြောင့် ၅-ကြိမ်သာ စောရပါသည်။

## တန်ခိုးပြရာ၌ ပစ္စဝေက္ခဏာဇော ၄-ကြိမ်၊ ၅-ကြိမ်သာစောရခြင်းအကြောင်း

တန်ခိုးပြသောအခါစသည်တို့၌ ပစ္စဝေက္ခဏာဇောများသည် စိန်ပြေနပြေ စောခွင့်မရ၊ အရေးတကြီး စောရသည်ဖြစ်သောကြောင့် ၄-ကြိမ်၊ ၅-ကြိမ်သာ စောပါသည် ။

**စတ္တာရိ ပဥ္စဝါ ပစ္စဝေက္ခဏာ စိတ္တာနိ – ၌ စတ္တာရိ ပဥ္စဝါ အဓိပ္ပါယ်**

ဘုရားရှင်အား ပစ္စဝေက္ခဏာဇော - ၄ကြိမ်
အရှင်သာရိပုတ္တရာစသော သာဝကတို့အား ၅-ကြိမ် စောပါသည်
တစ်နည်း တိက္ခပညာပုဂ္ဂိုလ်အား ၄-ကြိမ်၊ မန္ဒပညာပုဂ္ဂိုလ်အား ၅-ကြိမ်။

## ပစ္စဝေက္ခဏာဇောစိတ်များ

မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ် ၄-ပါး၊ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ် ၄-ပါး၊ ပေါင်း ၈-ပါး

**ပစ္စဝက္ခဏာ ဝီထိပုံစံ**

န ဒ မ ဇ ဇ ဇ ဇ ဇ ဘ ဘ (မုဒိန္ဒြိယ)
န ဒ မ ဇ ဇ ဇ ဇ ဘ ဘ (တိက္ခိန္ဒြိယ)

## ယမကပြာဋိဟာတန်ခိုးတော် အဓိပ္ပါယ်

မြတ်စွာဘုရားသည် တိတ္ထိတို့ကိုနှိမ်းနင်းရန် စသောအခါတို့၌ ကိုယ်တော် အထက်ပိုင်းမှ မီးအဟုန်၊ အောက်ပိုင်းမှ ရေအယဉ်၊ ဤသို့ ရေအစုံ၊ မီးအစုံ ထွက်ပေါ်စေတော်မူခြင်း၊ မွေးညှင်းတစ်ခုမှရေအဟုန်၊ မွေးညှင်းတော်တစ်ခုမှ မီးအဟုန်၊ ဤသို့ ရေမီးအစုံထွက်စေခြင်းကို ယမကပြာဋိဟာတန်ခိုးတော် ဟု ခေါ်ပါသည် ။

**ပစ္စဝေက္ခဏာ စောပုံပြပါဦး ။** စာပိုဒ် - ၃၃

**အပ္ပနာဇော**

**စာပိုဒ် ၃၄/၃၅/၃၆/၃၇/၃၈ တို့ဖြင့် –**
အပ္ပနာဇော (မဟဂ္ဂုတ်, လောကုတ္တရာဇော) စောပုံကို ပြပါသည်။ ထိုတွင်

**စာပိုဒ် ၃၄ ဖြင့် –** (အာဒိကမ္မိကပုဂ္ဂိုလ်၏) မဟဂ္ဂုတ်ဇော၊ အဘိညာဉ်ဇော စောပုံကို ပြပါသည်။

**မဟဂ္ဂုတ်ဇောများစောပုံ ။ ။** အာဒိကမ္မိကပုဂ္ဂိုလ်၏ ပထမကပ္ပနာအခါ၌ မဟဂ္ဂုတ်ဇောတို့သည် တစ်ကြိမ်သာ စောပါသည်။

**အဘိညာဉ်ဇော စောပုံ ။ ။** အဘိညာဉ်ဇောတို့ကား ပထမရခါစအခါ၌ဖြစ်စေ, ဝသီဘော်ရပြီးရာ နောင်အခါ၌ဖြစ်စေ အခါခပ်သိမ်း တစ်ကြိမ်သာ စောပါသည်။

**အဘိညာဝီထိ**
**မန္ဒပညပုဂ္ဂိုလ်** န ဒ "မ ပ ဥ နု ဂေါ ဘိံ " ဘ
**တိက္ခပညပုဂ္ဂိုလ်** န ဒ "မ ဥ နု ဂေါ ဘိံ" ဘ

**အာဒိကမ္မိကပုဂ္ဂိုလ်**
ထိုထိုစျာန်အတွက် အစဆုံးကမ္မဋ္ဌာန်း အားထုတ်မှုရှိသော ယောဂီပုဂ္ဂိုလ်ကို အာဒိကမ္မိက ပုဂ္ဂိုလ် ဟုခေါ်သည် ။
**မှတ်ချက်။ ။** ပထမစျာန်ကိုရပြီးနောက် ဒုတိယစျာန်ကိုစ၍ အားထုတ်ပြန်လျှင်လည်း (အာဒိကမ္မိက)ပင်ဖြစ်သည်။ အထက်စျာန်တို့၌လည်း နည်းတူမှတ်လေ။

**ပထမကပ္ပနာယံအဓိပ္ပါယ်**
စျာန်အတွက်အားထုတ်ရာ၌ ပထမရအပ်သော စျာန်ကို **"ပထမကပ္ပနာ"** ဟုခေါ်သည်။

**စာပိုဒ် ၃၅ ဖြင့် –** မဂ်ဇော၊ ဖိုလ်ဇော စောပုံကို ပြပါသည်။

**မဂ်ဇော စောပုံ။ ။** မဂ်ဇောတို့သည် တစ်ကြိမ်သာစောပါသည်။
**သင်္ဂဟ။ ။** စတ္တာရောပန မဂ္ဂုပ္ပါဒါ ဧကစိတ္တက္ခဏိကာ ။

**ဖိုလ်ဇော စောပုံ**
ဖိုလ်ဇောတို့သည် မန္ဒပညပုဂ္ဂိုလ်၌ ၂-ကြိမ်၊ တိက္ခပညပုဂ္ဂိုလ်၌ ၃-ကြိမ် စောပါသည် ။
**သင်္ဂဟ။ ။** တတောပရံ ဒွေတီဏိ ဖလစိတ္တာနိ ။

**သောတာပတ္တိမဂ္ဂဝီထိ**

**မန္ဒပညပုဂ္ဂိုလ်** န ဒ မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဘ။
**တိက္ခပညပုဂ္ဂိုလ်** န ဒ မ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဘ

**အထက် မဂ္ဂဝီထိ**

**မန္ဒပညပုဂ္ဂိုလ်** န ဒ မ ပ ဥ နု ဝေါ မဂ် ဖိုလ် ဖိုလ် ဘ
**တိက္ခပညပုဂ္ဂိုလ်** န ဒ မ ဥ နု ဝေါ မဂ် ဖိုလ် ဖိုလ် ဘ

**ဂေါတြဘူနှင့် ဝေါဒါန်အထူး**

သောတာပတ္တိမဂ်၏ အနန္တရပစ္စည်းဖြစ်သော ဉာဏ်သည် ဂေါတြဘူ။
အထက်မဂ်သုံးပါး၏ အနန္တရပစ္စည်းဖြစ်သော ဉာဏ်သည် ဝေါဒါန်။

**စတ္တာရော ပန မဂ္ဂုပ္ပါဒ (ပ) ယထာရုဟံ၌ ယထာရုဟံအဓိပ္ပါယ်**

မန္ဒပညပုဂ္ဂိုလ်၌ဖိုလ်ဇော ၂-ကြိမ်၊ တိက္ခပညပုဂ္ဂိုလ်၌ ဖိုလ်ဇော ၃ကြိမ် ဤသို့အားဖြင့် မန္ဒပည၊ တိက္ခပညပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာ ဇောစောခြင်းကို **"ယထာရုဟံ"** ဟု ဆိုပါသည် ။

**မဂ်ပေါက် ဖိုလ်ဝင်" ဟူသော စကားမှန်/မမှန်**

(စာပိုဒ် ၃၅) ကိုထောက် ၍ မဂ်စိတ် ၁-ကြိမ် ဖြစ်ပြီးနောက် ဖိုလ်စိတ် ၂-ကြိမ် ၃-ကြိမ် ဖြစ်ရမည်ဖြစ်သော ကြောင့် "မဂ်ပေါက် ဖိုလ်ဝင်" ဟူသောစကား မှန်ပါသည်။

**မဂ်စိတ်ခေါ်ငြား တစ်ဖွားဖွား/ မဂ်ဇော စောသည့် အချိန်ကာလ နာရီဝက်မျှကြာသည်ဟု ပြောဆိုသော စကားမှန် / မမှန်**

စတ္တာရော ပန မဂ္ဂုပ္ပါဒ ဧကစိတ္တက္ခဏိကာ-ကိုထောက်၍ မဂ်စိတ်သည် စိတ္တက္ခဏ ၁-ချက်မျှသာ ကြာသောကြောင့် မဂ်စိတ်ခေါ်ငြား တစ်ဖွားဖွား/ မဂ်ဇောစောသည့် အချိန်ကာလ နာရီဝက်မျှကြာသည် ဟု ပြောသောစကား မမှန်ပါ။

**မဂ်ရပြီးသော ပုဂ္ဂိုလ်သည် ဖိုလ်ရရန်အတွက် သီးသန့်ကျင့်ရန် မလို-ဟူသော စကား မှန်/မမှန်**

(စာပိုဒ်-၃၅) ကိုထောက်၍ မဂ်ဇောဖြစ်ပြီးနောက် ဖိုလ်ဇောများ ဆက်ပြီးစောသော ကြောင့် မဂ်ရပြီးသော ပုဂ္ဂိုလ်သည် ဖိုလ်ရရန်အတွက် သီးသန့် ကျင့်ရန် မလို-ဟူသောစကား မှန်ပါသည်။

**အကု တစ်သက်၊ မဂ်တစ်ချက် စကား မှန်/မမှန် သာဓကပြ ဖြေဆိုပါ။**

မဂ်လေးပါးသည် ဆိုင်ရာ အကုသိုလ်တရားများကို တစ်ချက်တည်းဖြင့် ပယ်သတ်နိုင်သောကြောင့် မှန်ပါသည်။

**စာပိုဒ် ၃၆ / ၃၇ တို့ဖြင့် –** နိရောဓ သမာပတ္တိဝီထိ၌ အပ္ပနာဇောစောပုံကိုပြပါသည်။

**နိရောဓသမာပတ္တိဝီထိ–၌ အပ္ပနာဇောများ စောပုံ**

နိရောဓသမာပတ်ဝင်စားခါနီး၌ အနာဂါမ်အတွက် စတုတ္ထအာရုပ္ပခေါ် နေဝသညာနာသညာယတန ကုသိုလ်ဇော၁-ကြိမ်, ရဟန္တာဖြစ်အတွက် ကြိယာဇော ၁-ကြိမ်အားဖြင့် အပ္ပနာဇော ၂ကြိမ် စောပါသည်။ ထို့နောင် စိတ်, စေတသိက်, စိတ္တဇရုပ်များ ချုပ်သွားပါသည်။

**<u>နိရောဓသမာပတ်ဝင်စားခါနီး ပုဂ္ဂိုလ်အလိုက်စောသော ဇော</u>**

(က) အနာဂါမ်ပုဂ္ဂိုလ်ဖြစ်လျှင် စတုတ္ထာရုပ္ပခေါ် နေဝသညာယတနကုသိုလ်ဇော ၂-ကြိမ် စောပါသည် ။

(ခ) ရဟန္တာဖြစ်လျှင် နေဝသညာနာသညာယတနကြိယာဇော ၂-ကြိမ်စောပါသည်။

**သင်္ဂဟ။** နိရောဓသမာပတ္တိကာလေ ဒွိက္ခတ္တုံ စတုတ္ထာရုပ္ပဇဝနံ ဇဝတိ ။

**<u>နိရောဓသမာပတ်မှ ထရာ၌ ပုဂ္ဂိုလ်အလိုက်စောသောဇောများ</u>**

(က) အနာဂါမ်ဖြစ်လျှင် အနာဂါမိဖိုလ်ဇောတစ်ကြိမ်၊

(ခ) ရဟန္တာဖြစ်လျှင် အရဟတ္တဖိုလ်ဇော တစ်ကြိမ်စောပါသည် ။

**သင်္ဂဟ၊ ။** ဝုဋ္ဌာနကာလေ အနာဂါမိဖလံဝါ အရဟတ္တဖလံဝါ ယထာရဟမေကဝါရံ ဥပ္ပဇ္ဇိတွာ။

**အနာဂါမ်ပုဂ္ဂိုလ်၏ နိရောဓသမာပတ္တိဝီထိ**

[မန္ဒပုဂ္ဂိုလ်] န ဒ "မ ပ ဥ နု ဂေါ စျာန် စျာန် (နိရောဓ) ဖိုလ်" ဘ

[တိက္ခပုဂ္ဂိုလ်] န ဒ "မ ဥ နု ဂေါ စျာန် စျာန် (နိရောဓ) ဖိုလ်" ဘ

**ဆိုရိုး ။ ။** မန္ဒပညဖြစ်သော အနာဂါမ်ပုဂ္ဂိုလ်၏ နိရောဓသမာပတ္တိဝီထိဖြစ်ဟန်ကား- ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု, နေဝသညာနာသညာယတန ကုသိုလ်စျာန်ဇော ၂-ကြိမ်ဖြစ်ပြီးနောက် စိတ် စေတသိက်, စိတ္တဇရုပ်များ ချုပ်ခြင်းသို့ရောက်ပါသည်။ နိရောဓသမာပတ်မှ ထသော အခါ၌လည်း အနာဂါမိဖိုလ်ဇော ၁-ကြိမ်စောပြီးနောက် ချုပ်သောအခါ ဘဝင်ကျပါသည်။

**နိရောဓသမာပတ် ဝင်စားခြင်းအဓိပ္ပါယ်**

စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့၏ အခိုက်အတန့်အားဖြင့် ချုပ်ငြိမ်းမှုသို့ ကောင်းစွာရောက်နေခြင်းကို **"နိရောဓသမာပတ်ဝင်စား"** သည်ဟု ခေါ်ပါသည်။

**နိရောဓသမာပတ်ဝင်စားနေစဉ်**

**ချုပ်နေသော တရား –** စိတ်, စေတသိက် စိတ္တဇရုပ်တို့ ဖြစ်ပါသည်။

**ဖြစ်နေသောတရား-** ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့ ဖြစ်ပါသည်။

**နိရောဓသမာပတ် ဝင်စားနိုင်သာပုဂ္ဂိုလ်**

ကာမဘုံ, ရူပဘုံ၌တည်သော သမာပတ် ၈-ပါးကိုရပြီးသော အနာဂါမ်နှင့် ရဟန္တာများသာ ဝင်စားနိုင်ပါသည် ။

**သင်္ဂဟ။ ။** နိရောဓသမာပတ္တိ သမာပဇ္ဇနံ ပန အနာဂါမီနဉ္စေဝ အရဟန္တာနဉ္စ လဗ္ဘတိ ။

**နိရောဓ သမာပတ္တိကာလေ-အရ ။ ။**

နိရောဓသမာပတ် ဝင်စားဆဲကာလကို မယူရ၊ ဝင်စားခါနီးကာလကိုသာ ယူရပါမည်။

**နိရောဓ သမာပတ်မှထခြင်းအဓိပ္ပါယ်**

ချုပ်နေသောစိတ်၊ စေတသိက်၊ စိတ္တဇရုပ်များပြန်၍ ပေါ်လာမှုကို **"နိရောဓသမာပတ်မှ ထ သည်"** ဟု ခေါ်ပါသည် ။

**<u>သေသူနှင့် နိရောဓသမာပတ် ဝင်စားသူတို့အထူး</u>**

သေသူမှာ - သင်္ခါရသုံးပါး မရှိ, အသက်ကုန်၍ ကမ္မဇတေဇောလည်းငြိမ်း, ဣန္ဒြေလည်း ပျက်ယွင်း၏။

နိရောဓသမာပတ် ဝင်စားသူမှာ - သင်္ခါရသုံးပါးမရှိ, အသက်မကုန်, ကမ္မဇတေဇော မငြိမ်း, ဣန္ဒြေအထူးကြည်လင်၏။ ဤသို့ ထူးပါသည်။

**စာပိုဒ် ၃၈ ဖြင့် –** အကြိမ်များစွာ စောသော ဇောတို့ကို၊ **တစ်နည်း–** ဈာနသမာပတ္တိ၊ ဖလသမာပတ္တိဝီထိ၌ အပ္ပနာဇောစောပုံကို ပြပါသည်။

**<u>ဈာနသမာပတ္တိဝီထိ, ဖလသမာပတ္တိဝီထိ-၌ အပ္ပနာဇောများစောပုံ</u>**

ဘဝင်ကျနေသည့်အခါ အစဉ်မပြတ် တရစပ်ဖြစ်နေသော ဘဝင်အလျဉ်ကို အကြိမ်ပေါင်း မည်ရွေ့မည်မျှ ဖြစ်နေသည်ဟု သတ်မှတ်၍ မရနိုင်သကဲ့သို့ ဈာနသမာပတ္တိဝီထိ, ဖလသမာပတ္တိဝီထိ၌လည်း အပ္ပနာဇောများ မည်ရွေ့မည်မျှ ဖြစ်နေသည်ဟု သတ်မှတ်၍ မရနိုင်ပါ။ ထို့ကြောင့် အကြိမ်ပေါင်းမြောက်များစွာ စောနိုင်ပါသည်။

**သမာပတ္တိဝီထိယံ-၌ သမာပတ္တိ-အရ ။ ။** ဈာနသမာပတ္တိ, ဖလသမာပတ္တိဝီထိတို့ကို ယူရပါမည်။

**ဈာနသမာပတ္တိဝီထိ**

[မန္ဒပုဂ္ဂိုလ်] န ဒ "မ ပ ဥ နု ဂေါ ဈာန်-အကြိမ်များစွာ" ဘ

[တိက္ခပုဂ္ဂိုလ်] န ဒ "မ ဥ နု ဂေါ ဈာန်-အကြိမ်များစွာ" ဘ

**ဖလသမာပတ္တိဝိထိ**

[မန္ဒပုဂ္ဂိုလ်] န ဒ “မ နု နု နု နု ဖိုလ်-အကြိမ်များစွာ” ဘ
[တိက္ခပုဂ္ဂိုလ်] န ဒ “မ နု နု နု ဖိုလ်-အကြိမ်များစွာ” ဘ
**နိယံ။ ။** မန္ဒပည ပုဂ္ဂလ စောရ နု-လေးကြိမ်။
တိက္ခပည ပုဂ္ဂလ စောရ နု-သုံးကြိမ်။

**ဈာန်သမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ် ။ ။** ဈာနလာဘီ တိဟိတ်ပုထုဇဉ် နှင့် ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက် ဖြစ်ပါသည်။

**ဖလသမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ် ။ ။** ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်။

**ဈာနသမာပတ် (ဈာန်ဝင်စားခြင်း) အဓိပ္ပါယ်။ ။** ဈာန်သို့ကောင်းစွာရောက်နေခြင်း၊ ဈာန်ဇော ချည်းထပ်ခါထပ်ခါ ဖြစ်နေခြင်းကို ဈာနသမာပတ် (ဝါ) ဈာန်ဝင်စားသည်ဟု ခေါ်ပါသည် ။

**ဖလသမာပတ် (ဖိုလ်ဝင်စားခြင်း) အဓိပ္ပါယ်။ ။** ဖိုလ်ဇောတွေချည်း ထပ်ကာထပ်ကာအကြိမ်များစွာ ဖြစ်နေခြင်းကို ဖလသမာပတ် ( ဖိုလ်ဝင်စားသည်) ဟုခေါ်သည် ။

**သတ္တက္ခတ္တုံ ပရိတ္တာနိ စသော ဂါထာဖြင့် –** ဇောဖြစ်ပုံ အကြိမ်ကို ပြပါသည်။

**သတ္တက္ခတ္တုံ ပရိတ္တာနိ – ဖြင့်** စာပိုဒ် ၃၁၊ ၃၂၊ ၃၃ ကို အကျဉ်းချုံးပြ၏။
**မဂ္ဂါဘိညာသကိံမတာ – ဖြင့်** စာပိုဒ် ၃၄ နှင့် စတ္တာရော ပန မဂ္ဂုပ္ပါဒါ ဧကစိတ္တက္ခဏိကာ ကို အကျဉ်းချုံး ပြ၏။
**အဝသေသာနိ လဗ္ဘန္တိ ဇဝနာနိ ဗဟူနိပိ – ဖြင့်** အာဒိကမ္မိကဿ - ပ - ဧကဝါရမေဝ ဇဝန္တိ - နှင့် တတောပရံ ဒွေ တီဏိ - ပ - ဗဟူနိပိ လဗ္ဘန္တိတိ တိုင်အောင်ကို အကျဉ်းချုံးပြပါသည်။

<u>**အဝသေသာနိ လဗ္ဘန္တိ – ၌ အဝသေသ အပါဒါန်နှင့် အဝသေသ-အရ**</u>

အဝသေသ အပါဒါန်အရ - ကာမဇော မဂ်ဇော အဘိညာဏ်ဇောတို့ ရပါသည်။
အဝသေသ အရ - ကြွင်းသော ဈာန်ဇော ဖိုလ်ဇောတို့ ဖြစ်ပါသည်။

**၁-ကြိမ်စောသော ဇောများ ။ ။** အာဒိကမ္မိကပုဂ္ဂိုလ်၏ ရှေးဦးစွာရသော အပ္ပနာ၌ မဟဂ္ဂုတ်ဇော, အဘိညာဉ်ဇော, မဂ်ဇော၊ နိရောဓသမာပတ်မှ ထရာအခါ၌ အနာဂါမိ ဖိုလ်ဇော၊ အရဟတ္တဖိုလ် ဇောများ ဖြစ်ပါသည်။ (စာပိုဒ်-၃၄/၃၅/၃၇)

**၂-ကြိမ်စောသော ဇောများ ။ ။** မဂ်ဇောနောင် ဖိုလ်ဇော၊ နိရောဓသမာပတ် ဝင်စားခါနီး အခါ၌ နေဝသညာနာသညာယတန ကုသိုလ်ဇော, ကြိယာဇောများ ဖြစ်ပါသည်။ (စာပိုဒ်-၃၅/၃၆) တို့ကိုထောက်။

**၃- ကြိမ်စောသော ဇော ။ ။** ဥပစာရသမာဓိဇော, မဂ်ဇောနောင် ဖိုလ်ဇော တို့ဖြစ်ပါသည်။ (စာပိုဒ်-၃၃/၃၅) ကိုထောက်။

**၄-ကြိမ်စောသော ဇော ။ ။** မြတ်စွာဘုရား၏ ယမိုက်ပြဋ္ဌိဟာကို ပြရာကာလ စသည်တို့၌ ပစ္စဝေက္ခဏာဇော ဖြစ်ပါသည်။

**၅-ကြိမ် စောသော ဇော။ ။** သေခါနီးကာလ စသည်တို့၌ ကာမာဝစရဇော။ မြတ်စွာဘုရား၏ ယမိုက်ပြဋ္ဌိဟာကို ပြရာကာလစသည်တို့၌ ပစ္စဝေက္ခဏာဇောတို့ ဖြစ်ပါသည်။ (စာပိုဒ်-၃၂/၃၃) ထောက်။

**၆-ကြိမ် ၇- ကြိမ်စောသော ဇော ။ ။** ပကတိရိုးရာအခါ၌ ကာမာဝစရဇောတို့ဖြစ်ပါသည်။

**အကြိမ်များစွာ စောသော ဇော ။ ။** ဈာနသမာပတ္တိ၊ ဖလသမာပတ္တိဝီထိ၌ မဟဂ္ဂုတ်ဇော၊ လောကုတ္တရာဇောတို့ ဖြစ်ပါသည်။ (စာပိုဒ်-၃၈)ကိုထောက်။
**မဂ္ဂါဘိညာ သကိံ မတာ-၏ အကျယ်စုဏ္ဏိယပါဠိ ။ ။**
အဘိညာဇဝနာနိစ သဗ္ဗဒါပိ ဧကဝါရမေဝ ဇဝန္တိ။ စတ္တာရော ပန မဂ္ဂုပ္ပါဒါ ဧကစိတ္တက္ခဏိကာ။

## ပုဂ္ဂလဘေဒ

### ပုဂ္ဂလဘေဒခေါ်ပုံ

ပုဂ္ဂိုလ်အပြားအားဖြင့် ခွဲခြား၍ ရထိုက်သော ဝီထိစိတ်များကိုပြရာ အခဏ်းကို **"ပုဂ္ဂလ ဘေဒ"** ဟုခေါ်ပါသည်။
တနည်း - ပုဂ္ဂိုလ်နှင့် ဝီထိစိတ်ကို သတ်မှတ်၍ ပြသော အခဏ်းကို **"ပုဂ္ဂလဘေဒ"** ဟု ခေါ်ပါသည်။

**စာပိုဒ် – ၄၀ ဖြင့် –**
ဒွိဟိတ်ပုဂ္ဂိုလ်၊ အဟိတ်ပုဂ္ဂိုလ်များ ကိရိယာဇောနှင့် အပ္ပနာဇောတို့မရပုံကို ပြပါသည်။

**စာပိုဒ် – ၄၁ ဖြင့် –**
သုဂတိဘုံသား ဒွိဟိတ်ပုဂ္ဂိုလ်နှင့် သုဂတိအဟိတ်ပုဂ္ဂိုလ်တို့အား မဟာဝိပါတ် ဉာဏသမ္ပယုတ် စိတ်(၄)ပါး မရပုံကို ပြပါသည်။

**စာပိုဒ် – ၄၂ ဖြင့် –**
ဒုဂ္ဂတိဘုံသား ဒွိဟိတ်ပုဂ္ဂိုလ်တို့အား မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်(၄)ပါး မရပုံကို ပြပါသည်။

**စာပိုဒ် – ၄၃ ဖြင့်**
ရဟန္တာပုဂ္ဂိုလ်တို့အား ကုသိုလ်ဇော အကုသိုလ်ဇောများ မရပုံကို ပြပါသည်။

**စာပိုဒ် – ၄၄ ဖြင့် –**
အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်(၃)ယောက်နှင့် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ကိရိယာဇောများမရပုံကို ပြပါသည်။

**စာပိုဒ် – ၄၅ ဖြင့် –**
အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်(၃)ယောက်တို့အား ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ မရနိုင်ပုံကို ပြပါသည်။

**စာပိုဒ် – ၄၆ ဖြင့် –** အနာဂါမ်ပုဂ္ဂိုလ်တို့အား ဒေါသမူစိတ်မရပုံကို ပြပါသည်။

**စာပိုဒ် – ၄၇ ဖြင့် –**
လောကုတ္တရာစိတ် (၈)ပါးတို့သည် အရိယာပုဂ္ဂိုလ်များသာ အသီးသီးရနိုင်ပုံကို ပြပါသည်။

**ပုဂ္ဂိုလ်အပြား**

**ဒု သု ဒွိ တိ၊ ယာအရိ–ရှစ်၊ တစ်ကျိပ်နှစ်၊ မှတ်လစ်ပုဂ္ဂိုလ် အပြားတည်း–** ဟူသည်နှင့် အညီ ပုဂ္ဂိုလ်သည် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ်၊ မဂ္ဂဋ္ဌာန် ၄-ယောက်၊ ဖလဋ္ဌာန် ၄-ယောက် အားဖြင့် ပေါင်း(၁၂)ယောက် ဖြစ်ပါသည်။

အလောဘ အဒေါသ ဟိတ်နှစ်ပါးရှိသော မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်ဖြင့် ပဋိသန္ဓေ နေသူကို **"ဒွိဟိတ်ပုဂ္ဂိုလ်"** ဟုခေါ်ပါသည်။

အဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေသူကို **"အဟိတ်ပုဂ္ဂိုလ်"** ဟုခေါ်ပါသည်။

**ထိုအဟိတ်ပုဂ္ဂိုလ်ကား** သုဂတိဘုံ၌ဖြစ်သော သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒုဂ္ဂတိဘုံ(အပါယ်လေးဘုံ)၌ ဖြစ်သော ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် ဟုနှစ်မျိုးရှိပါသည်။

ထိုတွင် အပါယ် (၄)ဘုံ၌ အဟိတ်အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေ နေသူကို **"ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်"** ။

ကာမသုဂတိဘုံ၌ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသူကို **"သုဂတိအဟိတ် ပုဂ္ဂိုလ်"** ဟု ခေါ်သည်။

ဤ ဒွိဟိတ်၊ သုဂတိအဟိတ်၊ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် ၃-ယောက်တို့သန္တာန်၌ ကာမကြိယာ ဇော ၉-ပါးနှင့် အပ္ပနာဇော ၂၆-ပါးတို့ တစ်ဘဝလုံး မရနိုင်သောကြောင့် ၎င်းပုဂ္ဂိုလ် ၃-ယောက် သည် ထိုဘဝအတွက် ဈာန်,မဂ်,ဖိုလ်ကို ရဘို့ရန် မျှော်လင့်ချက်မရှိ၊ ထိုသုံးယောက်တွင် -

သုဂတိဘုံ၌ သုဂတိအဟိတ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်နှစ်ယောက်သာ ဖြစ်၏။ ထိုပုဂ္ဂိုလ်နှစ် ယောက် သန္တာန်၌ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ပါးကို နုတ်၍ ၄၁-ပါးသော စိတ်များ သာ ရနိုင်ပါသည်။

**၄၁-ပါးအရ –** အသောဘနစိတ် ၃၀-တွင် ဟသိတုပ္ပါဒ်ကြဉ် ၂၉-ပါး၊ မဟာကုသိုလ် ၈-ပါး၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ပါး ဖြစ်ပါသည်။

**ဆောင်။ ။** သု-ဒွိပုဂ္ဂလော၊ စိတ်ရဟောကား၊ အသောဘန၊ သုံးဆယ်မှလျှင်၊ ဟသိကြဉ်မှု၊ မဟာကုရှစ်၊ ဝိပါက်စစ်တွေး၊ ဉာဏ်ဝိပ်လေး၊ မှတ်ရေးလေးဆယ့်တစ်ပါးတည်း။

## ကိရိယဇဝနာနိ စေဝ-၌

**<u>ယူရမည့် ကြိယာ ဇော ။ ။</u>** အပ္ပနာဇဝနာနိ-အရ မဟဂ္ဂုတ် ကြိယာ အပ္ပနာ ဇော ၉-ပါးကို သီးခြားယူလတ့်ဖြစ်သော ကြောင့် ဟသိတုပ္ပါဒ်ဇော ၁-ပါး၊ မဟာကြိယာ ဇော ၈-ပါးတို့ကိုသာ ယူရပါမည်။

**မယူသင့်သော ကြိယာဇော ကား။ ။** မဟဂ္ဂုတ်ကြိယာဇော ၉-ပါး ဖြစ်ပါသည်။

ဒုဂ္ဂတိဘုံ၌ ပဋိသန္ဓေနေသူကား - ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်သန္တာန်၌ မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ပါးလည်း မရ။ ထို့ကြောင့် ယခင် သုဂတိအဟိတ်၊ ဒွိဟိတ် ပုဂ္ဂိုလ်ရ ၄၁-ပါးတွင် မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄-ပါးကို ထပ်နုတ်သော် ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် စိတ်ရ ၃၇-ပါး ဖြစ်ပါသည်။

**ဆောင်။ ။** ဒု-ပုဂ္ဂလော၊ စိတ်ရဟောလျှင်၊ ယခင်လေးဆယ်၊ တစ်ပါးကယ်မှ၊ လေးသွယ် ဝိပါက်၊ ဉာဏ်ဝိပ်ဖျက်၊ မှတ်ချက်သုံးဆယ့်ခုနစ်တည်း။

## <u>ဈာန်မဂ်ဖိုလ် မရနိုင်သော ပုဂ္ဂိုလ်များ ။ ။</u>

အပ္ပနာဇောများ မဖြစ်နိုင်သောကြောင့်- ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်ဟူသော အဟိတ်ပုဂ္ဂိုလ် ၂-ယောက်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့သည် ဈာန်မဂ်ဖိုလ် မရနိုင်ပါ။ (စာပိုဒ်-၄၀) ကို ထောက်။

**အသညသတ်ဗြဟ္မာကြီးသည် အရိယာဖြစ်နိုင်/မဖြစ်နိုင်**

အသညသတ် ဗြဟ္မာကြီးသည် အဟိတ်ပုဂ္ဂိုလ်ဖြစ်၍ ကြိယာဇော, အပ္ပနာဇော-တို့ကို မရနိုင်သောကြောင့် အရိယာ မဖြစ်နိုင်ပါ။ (စာပိုဒ်-၄၀-ကိုထောက်)

အလောဘ အဒေါသ အမောဟဟိတ် ၃-ပါးရှိသော မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်ဖြင့်ဝင်ရင်း၊ မဟဂ္ဂုတ်ဝိပါက်စိတ်ဖြင့်သော်ရင်း ပဋိသန္ဓေနေသူကို **တိဟိတ်ပုဂ္ဂိုလ်** ဟုခေါ်ပါသည်။ ထို တိဟိတ်ပုဂ္ဂိုလ်ကား ပုထုဇဉ် ၁-ယောက်၊ အရိယာ ၈-ယောက်အားဖြင့် ၉-ယောက်ရှိပါသည်။

ထို ၉-ယောက်တို့တွင် ရဟန္တာသန္တာန်၌ ကုသိုလ် ၂၁-ပါး၊ အကုသိုလ် ၁၂-ပါး မရထိုက်၊ ကုသိုလ်ဖြစ်ရမည့်အရာ၌ ကြိယာစိတ်များသာ ဖြစ်ပါသည်။ ထို့ကြောင့် ဝီထိစိတ်(၈၀)တွင် ကုသိုလ် စိတ် ၂၁-ပါး၊ အကုသိုလ်စိတ် ၁၂-ပါး၊ ပေါင်း ၃၃-ပါး ကြဉ် ၄၇-ပါးသော စိတ်သာ ဖြစ်ပါသည်။

အရိယာတစ်ပါးလျှင် ကိုယ့်ဆိုင်ရာ လောကုတ္တရာစိတ်တစ်ပါးသာ ရနိုင်ရကား ယခင် ၄၇-ပါးတွင် အောက်ဖိုလ် ၃-ပါးကြဉ် ၄၄-ပါးသာ ရနိုင်ပါသည်။

**၄၄-ပါးသရုပ်ကား –** အဟိတ်စိတ် ၁၈-ပါး၊ မဟာဝိပါက် ၈-ပါး၊ မဟာကြိယာ ၈-ပါး၊ မဟဂ္ဂုတ်ကြိယာ ၉-ပါး၊ အရဟတ္တဖိုလ် ၁-ပါး၊ ပေါင်း ၄၄-ပါး ဖြစ်ပါသည်။

**ဆောင်။ ။** အရဟံတိဟိတ်၊ ရသည့်စိတ်ကား၊ အဟိတ်မဟာ၊ ဝိပါကြိ၊ မဟဂ်ကြိဆို၊ အရဟတ္တဖိုလ်၊ မှတ်သိုလေးဆယ့်လေးပါးတည်း။

တိဟိတ်ပုထုဇဉ်နှင့် သေက္ခ ၃-ယောက်တို့သန္တာန်၌ ကြိယာဇော ၁၈-ပါးလုံး မရထိုက်။ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၌ လောကုတ္တရာ ၈-ပါးလည်း မရထိုက်။ ထို့ကြောင့် တိဟိတ်ပုထုဇဉ်၌ ဟသိတုပ္ပါဒ်ကြဉ် အသောဘနစိတ် ၁၇-ပါး၊ မဟာကုသိုလ် ၈-ပါး၊ မဟာဝိပါက် ၈-ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ ပေါင်း ၅၄-ပါး ဖြစ်ပါသည်။

**ဆောင်။ ။** တိဟိတ်ပုဂ္ဂလော၊ စိတ်ရဟောကား၊ အသောဘန၊ သုံးဆယ်မှလျှင်၊ ဟသိကြဉ်ခွာ၊ မဟာဟုဆို၊ ကုသိုလ်ဝိပါက်၊ ဆဲ့ခြောက်ချက်နှင့်၊ မဟဂ်ကု-ကိုး၊ ဖြစ်ကြမျိုး၊ မှတ်ရိုး ငါးဆယ့်လေးပါးတည်း၊

အောက်ဖလဋ္ဌာန် သေက္ခ ၃-ယောက်သန္တာန်၌ ကြိယာဇောများအပြင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါး မရထိုက်သောကြောင့် တိဟိတ်ပုထုဇဉ်၌ ရထိုက်သော ၅၄-ပါးတွင် ဤ ၅-ပါးကို ထပ်၍ကြဉ်ပြီးလျှင် မိမိဖိုလ်စိတ် ၁-ပါးကို ထပ်၍ ထည့်သော် သောတာပတ္တိဖလဋ္ဌာန်၊ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် နှစ်ယောက်လုံး၏ စိတ်ရ (၅၀) ဖြစ်ပါ

သည်။

**ဆောင်။ ။** သကဒါဂါမ်၊ သောတာပန်-ဟု၊ နှစ်တန်ပုဂ္ဂလော၊ စိတ်ရဟောလျှင်၊ ယခင်ငါးဆယ်၊
လေးပါးကယ်မှ၊ ငါးသွယ်ဒိဋ္ဌိ၊ ဝိစိသဟဂုတ်၊ ပယ်ကြဉ်နှုတ်ဘိ၊ ကိုယ့်ဖိုလ်ထည့်၊
မှတ်သိ ငါးဆယ်နှင်းနှင်းတည်း။

အနာဂါမ်ပုဂ္ဂိုလ်၏ သန္တာန်၌ကား သောတာပန် သကဒါဂါမ်စိတ်ရ (၅၀)တွင် ဒေါသမူဇော ၂-ပါးကို ထပ်နှုတ်၍ သောတာပတ္တိဖိုလ်အရာ၌ အနာဂါမိဖိုလ်စိတ်ကို လဲ၍ထည့်၊ ၄၈-ပါးသော စိတ်များ ဖြစ်ပါသည်။

**ဆောင်။ ။** နာဂါမ်ပုဂ္ဂလော၊ စိတ်ရဟောလျှင်၊ ယခင်ငါးဆယ်၊ ဒေါသမူပယ်၍၊
လဲလှယ်ကိုယ့်ဖိုလ်၊ ထည့်သိပ်သို၊ မှတ်လိုလေးဆယ့်ရှစ်ပါးတည်း။

အသေက္ခဖြစ်သော ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ စိတ်ပေါင်း ၄၄-ပါး ရပါသည်။ ၄၄-ပါးဆိုသော်လည်း မဟဂ္ဂုတ်ဈာန် ၉-ပါးလုံးကိုရသော ရဟန္တာသန္တာန်၌သာ ၄၄-ပါး ဖြစ်ပါသည်။

မဟဂ္ဂုတ်ဈာန်မရလျှင် တစ်ပါးမရလျှင် တစ်ပါးအတွက် နှစ်ပါးမရလျှင် နှစ်ပါးအတွက် စသည် လျော့၍ ၉-ပါးလုံးမရလျှင် ၃၅-ပါးသာ ဖြစ်သင့်ပါသည်။

ဂါထာ၌ "သေက္ခာနံ ဆပညာသ" ကား သေက္ခပုဂ္ဂိုလ် ၇-ယောက်လုံးအတွက် ပေါင်း၍ ပြသောကြောင့် (၅၆)ပါး ဖြစ်ပါသည်။

သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်အတွက် ပြခဲ့သော(၅၀)၌ မဂ်စိတ် ၄-ပါးနှင့် သကဒါဂါမိဖိုလ်စိတ်၊ အနာဂါမိဖိုလ်စိတ်ကို ထပ်၍ထည့်လျှင် ၅၆-ပါး ဖြစ်ပါသည်။

သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌ ရထိုက်သောစိတ် ၁၊ သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၌ ရထိုက်သောစိတ် (၅၀)စသည်ဖြင့်ငင်း၊ ဈာန်မရသော သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်ဖြစ်လျှင် မဟဂ္ဂုတ် ကုသိုလ် ၉-ပါး နှုတ်၍ ၄၁-ပါး ဖြစ်ပါသည်။

သေက္ခ အသေက္ခမှကြွင်းသော ပုထုဇဉ် ၄-ယောက်တို့တွင် စတုပညာသ အရကား-တိဟိတ် ပုထုဇဉ် ရထိုက်သောစိတ် ၅၄-ပါးပင် ဖြစ်ပါသည်။

ဈာန်ရတိဟိတ်ပုထုဇဉ်၌ ၅၄-ပါး၊ ဈာန်မရလျှင် မဟဂ္ဂုတ်ကုသိုလ် ၉-ပါးနှုတ်၍ ၄၅-ပါး ဖြစ်ပါသည်။ ထိုမှတပါး ကာမဘုံ, ရူပဘုံအားဖြင့်လည်း ဘူမိဘေဒအားဖြင့်ခွဲခြားရ

လိမ့်မည်။

**အရိယာပုဂ္ဂိုလ်မှန်သမျှ မဖြစ်နိုင်သော အကုသိုလ်စိတ် ။ ။** ဒိဋ္ဌိဂတသမ္ပယုတ် စိတ် ၄-ပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါး၊ (စာပိုဒ်-၄၅-နှင့် ကမ္မဋ္ဌာန်းစာပိုဒ်-၆၈)

**အနာဂါမ်ပုဂ္ဂိုလ်တို့အား စိတ်ဆိုး အမျက်ထွက်ခြင်း ရှိ/မရှိ ။ ။** အနာဂါမ် ပုဂ္ဂိုလ်တို့သန္တာန်၌ ဒေါသမူဇောများ မရနိုင်သောကြောင့် စိတ်ဆိုး အမျက်ထွက်ခြင်း မရှိပါ။ (စာပိုဒ်-၄၆-ကို ထောက်)

**စိုးရိမ်ပူဆွေး ငိုကြွေးခြင်းမရှိသော ပုဂ္ဂိုလ်များ ။ ။** ဒေါသကိုပယ်ပြီးသော အနာဂါမ်နှင့် ရဟန္တာ ပုဂ္ဂိုလ်များ ဖြစ်ပါသည်။(စာပိုဒ်-၄၃/၄၆)တို့ကိုထောက်။

**ဝိပါကာဝရဏ(အပွနာကို တားမြစ်တတ်သော ဝိပါက်) စိတ်။ ။** ဥပေက္ခာသန္တီရဏ ၂-ပါး၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ပါးတို့ ဖြစ်ပါသည်။

**အရိယာဝေဏိက (အရိယာတို့၏ သီးခြား)စိတ် ။ ။** ကြိယာဇော ၁၈-ပါး၊ လောကုတ္တရာစိတ် ၈-ပါးတို့ ဖြစ်ပါသည်။

**ခီဏာသဝါဝေဏိက (ရဟန္တာတို့၏ သီးခြား) စိတ်။ ။** ကြိယာဇော ၁၈-ပါး၊ အရဟတ္တဖိုလ်စိတ် ၁-ပါးတို့ ဖြစ်ပါသည်။

**မဟာလူသား အရိယာပုဂ္ဂိုလ်များသာ အသီးသီးကိုယ်ပိုင်ရလိုက်သော ဇောစိတ်များကား ။ ။** လောကုတ္တရာစိတ် ၈-ပါး ဖြစ်ပါသည်။ (စာပိုဒ်-၄၇-ထောက်)

**ပုထုဇဉ် သန္တာန်၌သာ ရနိုင်သောစိတ် (ပုထုဇ္ဇနာဝေဏိကစိတ်) ။ ။** ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄-ပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါး ပေါင်း ၅-ပါး ဖြစ်ပါသည်။

## ဘူမိဝိဘာဂ

### ဘူမိဝိဘာဂခေါ်ပုံ

ဘုံအပြားအားဖြင့် ပြသင့်သော ဝီထိစိတ်တို့ကို ပိုင်းခြားဝေဖန်ရာ အပိုင်းအခဏ်းကို **"ဘူမိဝိဘာဂ"** ဟုခေါ်ပါသည်။

**စာပိုဒ် ၄၉- ဖြင့် –** ကာမဘုံ၌ ရထိုက်သော ဝီထိစိတ်တို့ကို ပြပါသည်။
ကာမ ၁၁-ဘုံ၌ ဝီထိစိတ် ၈၀-လုံးရပါသည်။

**မှတ်ချက် –** ဝီထိစိတ်ကိုပြရာအပိုင်းဖြစ်၍ ဝီထိမှတ်စိတ် ၉-ပါး ကြည့်ရပါသည်။

## ကာမဘုံ၌ ဝီထိစိတ်(၈၀)လုံး ရခြင်းအကြောင်း

ကာမ ၁၁-ဘုံဝယ် စက္ခုဝိညာဏ် စသည်တို့ဖြစ်ဖို့ရာ စက္ခုဒွါရစသော ဒွါရ ၆-ပါးနှင့် မဂ်စိတ်, ဖိုလ်စိတ် စသည်တို့ဖြစ်ဖို့ရာ ပုဂ္ဂိုလ်၁၂-ယောက် အစုံအလင် ကာမဘုံတွင် ရှိသောကြောင့် ဝီထိစိတ် (၈၀)လုံး ရပါသည်။

## "ယထာရဟံ" အဓိပ္ပါယ်

(၈၀)လုံးဆိုသော်လည်း ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၌ ၃၇-ပါး၊ ဒွိဟိတ်ပုဂ္ဂိုလ်၌ ၄၄ ပါး၊ တိဟိတ် ပုဂ္ဂိုလ်၌ ၅၄-ပါးစသည်ဖြင့် ထိုထိုပုဂ္ဂိုလ်အလိုက်ထိုက်သည့်အလျှော်စွာ ရကြပါသည်။ ထိုသို့ရသောကြောင့် ဝီထိစိတ်(၈၀)ရသည် ဟုဆိုသော်လည်း အဟိတ်စသော ပုဂ္ဂိုလ်များ အလိုက် ထိုက်သင့်သလို ရကြသည့် အတွက် သင်္ဂြိုဟ်၌ **"ယထာရဟံ"** ဟုဆိုပါသည်။

**ဆောင်။ ။** ခြောက်ခုဝိညာဏ်၊ ဖြစ်ဖို့ရန်ဖြင့်၊ ခြောက်တန်ဒွါရ၊ ကုန်စေင၏။ မဂ္ဂနှင့်ဖိုလ်၊
ဖြစ်ဖို့ဆိုလည်း၊ ပုဂ္ဂိုလ်တစ်ကျိပ်နှစ်၊ အစုံဖြစ်၏။ စိစစ်ဖွယ်ကောင်း၊
ဤနှစ်ကြောင်းကြောင့်၊ ပျော်အောင်းဌာန၊ ဘုံကာမ၌၊ စိတ်ရဝီထိ၊ ရှစ်ဆယ်ရှိသည်၊
ခွဲဘိပုဂ္ဂိုလ်သင့်ရာတည်း။

**စာပိုဒ် – ၅၀ ဖြင့် –** အသညသတ်ကြည် ရူပ(၁၅) ဘုံ၌ ရထိုက်သော ဝီထိစိတ်တို့ကို ပြပါသည်။

အသညသတ်မှတပါး ရူပ(၁၅)ဘုံ၌ ဒေါသမူဒွေနှင့် တဒါရုံကိစ္စတပ်သော မဟာဝိပါက် ၈-ပါး မရထိုက်၊ သန္တီရဏ ၃-ပါး ကား သန္တီရဏကိစ္စတပ်ခိုက် ရူပဘုံ၌ ဖြစ်ထိုက်သေး၏။

ဒေါသသည် စျာန်တရားတို့ကို တားမြစ်တတ်သော နီဝရဏတရားဖြစ်သောကြောင့် စျာန်၏ အကျိုးပေးရာ ရူပဘုံ၌ ဒေါသမူဒွေ မရပါ။

## <u>တဒါရုံကိစ္စတပ်သောမဟာဝိပါက် ၈-ပါး မရထိုက်ခြင်းအကြောင်း</u>

၁။ ကာမဇော ၂။ ကာမဘုံသား သတ္တဝါ ၃။ ဝိဘူတာရုံ (သို့မဟုတ်) အတိမဟန္တာရုံ ဖြစ်သော ကာမတရား ဤအကြောင်း ၃-ပါး စုံမှ တဒါရုံကျနိုင်သောကြောင့် ရူပဘုံဖြစ်၍ တဒါရုံ မရထိုက်ပါ။

ထို့ကြောင့် ရူပဘုံ၌ ယခင် ဝီထိစိတ်(၈၀)တွင် ဒေါသမူဒွေ၊ မဟာဝိပါက် ၈-ပါး၊ ဃာနဝိညာဉ်ဒွေ၊ ဇိဝှါဝိညာဉ်ဒွေ၊ ကာယဝိညာဉ်ဒွေ ကြဉ်၊ ၆၄-ပါးသော ဝီထိစိတ်များ ရနိုင်ပါသည်။
သို့သော်လည်း တိဟိတ်ပုထုဇဉ်နှင့် ဖလဋ္ဌာန် ၄-ယောက်အတွက် "ယထာရဟံ" ဟုဆိုပါသည်။

**စာပိုဒ် ၅၂ ဖြင့်–** အရူပဘုံ၌ ရထိုက်သော ဝီထိစိတ်တို့ကို ပြပါသည်။

ရူပဘုံ၌ ရထိုက်သောစိတ် ၆၄-ပါးတွင် သောတာပတ္တိမဂ်စိတ် ၁-ပါး၊ ရူပကုသိုလ်စိတ် ၅-ပါး၊ ရူပကြိယာစိတ် ၅-ပါး၊ ဟသိတုပ္ပါဒ် ၁-ပါး၊ ပဉ္စဒွါရာဝဇ္ဇန်း ၁-ပါး၊ စက္ခုဝိညာဉ်ဒွေ၊ သောတဝိညာဉ်ဒွေ၊ သမ္ပဋိစ္ဆိုင်းဒွေ၊ သန္တီရဏ ၃-ပါး-အားဖြင့် (၂၂)ပါးကြဉ်၊ ၄၂-ပါးသော ဝီထိစိတ်များ ရပါသည်။

**မှတ်ချက် –** အောက်အောက်သော အရူပစိတ်များကိုလည်း မရပါ။ ဥပမာအားဖြင့်-ဝိညာဏဥ္စာယတနဘုံ၌ အာကာသာနဉ္စာယတနကုသိုလ်, ကြိယာစိတ် မရပါ။ နေဝသညာနာသညာယတနဘုံ၌ အာကာသာနဉ္စာယတန၊ ဝိညာဏဥ္စာယတန၊ အာကိဉ္စညာယတနကုသိုလ်, ကြိယာစိတ်များ မရနိုင်ပါ။

**အာကာသာနဉ္စာယတနဘုံ၌ ရထိုက်သောစိတ်(၄၂)ပါး**

လောဘမူ-၈၊ ဒေါ-၂၊ မနောဒွါရာဝဇ္ဇန်း-၁၊ မဟာကုသိုလ်-၈၊ မဟာ ကြိယာ-၈၊ အရူကု-၄၊ သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာ-၇၊ ပေါင်း(၄၂)ပါး ရပါသည် ။

**ဝိညာနဉ္စာယတနဘုံ ရထိုက်သောစိတ်(၄၀)**

ယခင် ၄၂-ပါးတွင် အာကာသာနဉ္စာ ယတန ကု+ကြိ ၂-ကြဉ် ကျန်(၄၀)ဖြစ်ပါသည် ။

**အာကိဉ္စညာယတနဘုံ၌ ရသောစိတ်(၃၈)ပါး။**

ယခင် ၄၂-ပါးတွင် အာကာကု+ကြိ -၂၊ ဝိညာကု+ကြိ-၂၊ ပေါင်း(၄)ကြဉ် ကျန် ၃၈-ပါးဖြစ်သည် ။

**နေဝသညာနာသညာယတနဘုံ၌ ရသောစိတ်(၃၆)ပါး**

ယခင်-၄၂ပါးတွင် အာကာကု+ကြိ-၂၊ ဝိညာကု+ကြိ-၂၊ အာကိံကု+ကြိ-၂၊ ပေါင်း(၆)ပါး ကြဉ် ကျန် (၃၆)ပါးဖြစ်သည်။

အထက်အထက် အရူပဘုံသို့ ရောက်ပြီးသော အရူပဗြဟ္မာများသည် အောက်အောက် စျာန်ကိုပြန်၍ အားထုတ်လေ့ မရှိ၊ ထို့ကြောင့် အထက်အထက်အရူပဘုံ၌ အောက်အောက် အရူပစိတ်များ မရထိုက်။ (ဘာဋီ)

**စာပိုဒ် ၅၂ ဖြင့် –** ပသာဒချို့တဲ့သူမှာ စက္ခုဝိညာဉ်စသော ဝီထိစိတ်များမဖြစ်ပုံကို ပြပါသည်။

## အဓိပ္ပါယ်

ကာမ, ရူပ, အရူပ-ဟူသော ဘုံအားလုံးမှာပင် ထိုထိုပသာဒ မရှိသော ပုဂ္ဂိုလ်တို့သန္တာန်၌ ထိုထိုဒွါရ၌ဖြစ်သော ဝီထိစိတ်တို့ကို မရထိုက်ပါ။

**ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိ**-ဟု ဆိုခဲ့သည့် အတိုင်း ရူပဘုံ၌ ဃာန, ဇိဝှါ, ကာယပသာဒများ မရှိသောကြောင့် ဃာန, ဇိဝှါ, ကာယဒွါရတို့၌ဖြစ်သော ဃာနဝိညာဉ် ၂-ပါး၊ ဇိဝှါဝိညာဉ် ၂-ပါး၊ ကာယဝိညာဉ် ၂-ပါးအားဖြင့် (၆)ပါးသော စိတ်တို့ကို မရထိုက်ပါ။

အရူပဘုံ၌ ပသာဒရုပ် ၅-ပါးလုံး မရှိသောကြောင့် ပဉ္စဒွါရ၌ဖြစ်လေ့ရှိသော ပဉ္စဒွါရာဝဇ္ဇန်း၊ ဒွေးပဉ္စဝိညာဉ် (၁၀)၊ သမ္ပဋိစ္ဆိုင်းဒွေ၊ သန္တီရဏ(၃)ခုအားဖြင့် (၁၆)ပါးသော စိတ်တို့ကို မရထိုက်ပါ။

**စာပိုဒ်–၅၃ ဖြင့် –** အသညသတ်ဘုံ၌ စိတ်အားလုံး မရပုံကို ပြပါသည်။

**စိတ်, စေတသိက် မရှိသော ဗြဟ္မာ –** အသညသတ်ဗြဟ္မာ ဖြစ်ပါသည်။

### အသညသတ်ဘုံသားများ စိတ်ကို ဆောင်နိုင်/မဆောင်နိုင်

**(စာပိုဒ်–၅၃)**ကို ထောက်၍ အသညသတ်ဘုံ၌ စိတ်အားလုံး မရနိုင်သောကြောင့် အသည သတ်ဘုံ သားများ စိတ်ကို မဆောင်နိုင်ပါ။

### ကာမဘုံ၌သာရသော ဝီထိစိတ် ၀၊– ကာမဘူမျာဝေဏိကစိတ်

ဒေါသမူစိတ် ၂ - ပါး၊ ဃာနာဒိတ္တယ ၆ - ပါး၊ မဟာဝိပါက်စိတ် ၈ -ပါး၊ ပေါင်း ၁၆ - ပါး။

**ရူပဘုံ၌သာ ရသောဝီထိစိတ်**

ရူပဝိပါက်စိတ် ၅- ပါး။

**အရူပဘုံ၌သာ ရသောဝီထိစိတ်**

အရူပဝိပါက်စိတ် ၄ - ပါး

**ရူပဘုံ၌ ရနိုင်သော ဝီထိစိတ်ပြပါဠိ**

စာပိုဒ် ၅၀ / ၅၂

**အရူပဘုံ၌ ရနိုင်သော ဝီထိပြပါဠိ**

စာပိုဒ် ၅၁ / ၅၂

**စာပိုဒ် ၅၄ ဂါထာဖြင့် –** ဘုံအလိုက် ဝီထိစိတ်ဖြစ်ပုံကို ပြပါသည်။

**ကာမဘုံ၌ ရနိုင်သော ဝီထိစိတ် (အသီတိ ဝီထိစိတ္တာနိ၌ အသီတိ အရ)**

ကာမ(၁၁) ဘုံ၌ ဝီထိစိတ် (၈၀)လုံးရပါသည်။

**ရူပဘုံ၌ ရနိုင်သော ဝီထိစိတ် ( ရူပေ ယထာရဟံ စတုသဋ္ဌိ အရ)**

ဃာနဝိညာဉ်ဒွေး၊ ဇိဝှါဝိညာဉ်ဒွေး၊ ကာယဝိညာဉ် ဒွေးကြဉ်သော အဟိတ်ဝိပါက်(၉)ပါး၊ အာဝဇ္ဇန်း-၂၊ ဒေါသမူဒွေးကြဉ်သောဇော ၅၃-ပါး၊ ပေါင်း(၆၄)ပါးဖြစ်ပါသည်။

**အရူပဘုံ၌ ရနိုင်သော ဝီထိစိတ် (အရူပေ ဒွေစတ္တာလီသ အရ- )**

လောဘမူ-၈၊ မောဟမူ-၂၊ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကု-၈၊ မဟာကြိ-၈၊ အရူကု-၄၊ အရူကြိ-၄၊ သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာစိတ်-ရပါး ပေါင်း (၄၂)ပါးဖြစ်ပါသည် ။

**ဘူမိဝိဘာဂ ပြီး၏။**

**စာပိုဒ် ၅၅ ဖြင့် –** ဝီထိစိတ် ဖြစ်ရာကာလနှင့် ဖြစ်ပုံအခြင်းအရာကို၊ ဝါ- ဝီထိစိတ်ဖြစ်ပုံ နိဂုံးကို ပြပါသည်။ **(နာမ်သံသရာ စက်လည်ပုံပြပါ၌)**

**ဝီထိစိတ် ဖြစ်ရာကာလနှင့် ဖြစ်ပုံအခြင်းအရာ**

ထိုထိုဒွါရ၌ စိတ်တို့၏ ဖြစ်ထိုက်သည် အားလျော်စွာ တစ်ဝီထိနှင့် တစ်ဝီထိအကြားဝယ် ဘဝင်ခြားလျက် အသက်ရှည်သမျှ ကာလပတ်လုံး ဆက်ကာဆက်ကာ ဖြစ်ကြပါသည်။

**တစ်ဘဝတွင် ဝီထိစိတ်များ မဖြစ်ရာအခါများကို သာဓကပြ ဖြေဆိုပါ။**

နိရောဓသမာပတ် ဝင်စားသောအခါ ၊ ဘဝင်ကျနေသောအခါ တို့ဖြစ်ပါသည်။

**သာဓက=** စာပိုဒ် ၃၆ ၊ စာပိုဒ် ၅၅ ။

**အသိစိတ်နှင့် မသိစိတ်ကို သိသာရုံ ဖြေပြပါ။**

အသိစိတ်မှာ - ဝီထိစိတ်
မသိစိတ်မှာ - ဘဝင်စိတ် ဖြစ်သည်။

**ပဋိသန္ဓေနှင့် စုတိကြား တစ်ဘဝကာလအတွင်း သင့်သန္တာန်၌ ဖြစ်ပေါ်နေသော စိတ်များကို သာဓကပြ ဖြေဆိုပါ။**

ဆဒွါရိကဟူသော ဝီထိစိတ်နှင့် ဘွင်စိတ်များ ။ **သာဓက= စာပိုဒ် ၅၅။**

**မေး၊ "ယာဝတာယုက မဇ္ဇောစ္ဆိန္နာ" သည် မုချလော၊ ဥပစာလော ။**

**ဖြေ။** ခြောက်ဒွါရ၌ စိတ်တို့၏ဖြစ်ခြင်းသည် ထိုက်သည်အားလျော်စွာ ဘဝင်ခြား၍ အသက်ရှင်သမျှ ကာလပတ်လုံး မပြတ်မလတ် ဒလစပ်ဖြစ်ကြောင်းကို ဆိုသော **ယာဝတာယုက မဇ္ဇောစ္ဆိန္နာ** ဟူသော စကားသည် မုချမဟုတ်၊ ယေဘုယျမျှသာဖြစ်သည်၊ အကြောင်းကား- နိရောဓသမာပတ်ဝင်စားသောသူ၌ ဝီထိစိတ်မဖြစ်သောကြောင့် ဖြစ်ပါသည်။

**ဝီထိပိုင်း ပြီး၏။**

**ကျမ်းကိုး**

**သဂြိုဟ်ဘာသာဋီကာ၊**

**သဂြိုဟ် ရှင်းတမ်း၊**

**သင်္ဂဟသရူပတ္ထဝိဘာဝိနီ၊**

**သင်္ဂဟ ပဒေသာ၊**

**မြန်မာပြန် သဂြိုဟ်ကျမ်း၊**

**အဘိဓမ္မတ္ထသင်္ဂဟနှင့် သရုပ်ခွဲ၊**

**မှတ်ဖွယ် မှတ်ရာ အဘိဓမ္မာ။**

**အရှင်ပညာသီဟ (ဝမ်းတွင်း)**